# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏။ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ ကောဓဝဂ်(ဓမ္မပဒ -၂၂၃)


၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့။ Tuesday, 17 June 2025 ၁၁၈၅၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှု အထိမ်းအမှတ် Block of Stamp အထူးထုတ် တံဆိပ်ခေါင်းသစ်တစ်မျိုး ထုတ်ဝေမည်**
စာမျက်နှာ » ၃

**လှူဒါန်းနိုင်ရန် နှီးဆော်ချက်**
စာမျက်နှာ » ၈

**ကမ္ဘာကြီးက ဆက်ကွဲနေမယ်**
ဆောင်းပါး စာမျက်နှာ » ၁၀




**ရန်ကုန်ပြည်သူ့ ဆေးရုံကြီး၌ ခြင်ဆီအစားထိုး ကုသခြင်း အောင်မြင်စွာ ဆောင်ရွက်**

စာမျက်နှာ » ၁၁

# နေပြည်တော်အတွင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပ

## ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂၄၀၇ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိ

နေပြည်တော် ဇွန် ၁၆

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများပျက်စီးသွားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့နံနက်ပိုင်းမှစတင်၍ ပြန်လည်ကျင်းပရာ နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ သက်ဆိုင်ရာစာစစ်ဌာနများအလိုက် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ဝင်ရောက်ဖြေဆိုကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖



အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများနှင့် လာရောက်အားပေးကြသည့် ကျောင်းသားမိဘများကို တွေ့ရစဉ်။



**ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ် အသီးသီး၌ကျင်းပ**

စာမျက်နှာ » ၉

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

နေပြည်တော် ဇွန် ၁၆

| | | |
|---|---|---|
| ကျိုက္ခမီ | ၈ ဒသမ ၃၅ | လက်မ |
| မုဒုံ | ၅ ဒသမ ၅၉ | လက်မ |
| ချောင်းဆုံ | ၅ ဒသမ ၁၂ | လက်မ |
| ဟိုင်းကြီးကျွန်း | ၄ ဒသမ ၅၃ | လက်မ |
| ကလေး | ၄ ဒသမ ၄၅ | လက်မ |
| ရေး | ၄ ဒသမ ၁၇ | လက်မ |
| စစ်တွေ | ၄ ဒသမ ၀၆ | လက်မ |
| ကျိုက်မရော | ၃ ဒသမ ၃၁ | လက်မ |
| ကိုကိုးကျွန်း | ၂ ဒသမ ၈၇ | လက်မ |

ကြေးမုံ

# စာပေဖြင့်ကောင်းကျိုးဆောင်ကြဉ်း စာဖတ်ခြင်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်

"စာပေသည် လူမျိုး၏ ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်ပြီး စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံပြင်ဖြစ်ကြောင်း၊ စာအုပ်စာပေသည် လူသားများအတွက် မိတ်ဆွေကောင်းဖြစ်ပြီး စာပေမြင့်လာသည်နှင့်အမျှ လူမျိုးလည်း တင့်တယ်ဝင့်ကြွားလာမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယမန်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကျင်းပသည့် (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ဆုနှင်းသဘင်အခမ်းအနားတွင် ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စာပေဗိမာန်အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး စာပေဖတ်ရှုမှုကို အလေးထားကာ စာပေကိုမြတ်နိုးတန်ဖိုးထားသည့်ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ စာပေသည် နိုင်ငံနှင့် လူမျိုးအတွက် အသက်ဖြစ်သဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်က လူငယ်များအနေဖြင့် စာအုပ်စာပေဖတ်ရှုကြရန် အစဉ်အမြဲတိုက်တွန်းလျက်ရှိသည်။ နိုင်ငံတော်က လူငယ်များ စာပေဖတ်ရှုကြသည့် အလေ့အထဖြစ်ပေါ်လာရန် စာကြည့်တိုက်များဖွံ့ဖြိုးရေးနှင့်စာပေဝန်းကျင်ကောင်းများဖြစ်ထွန်းလာစေရန် အစဉ်အမြဲဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။

ပြည်သူများကလည်း နေ့စဉ်လူမှုဘဝတွင် ကောင်းသောတွေးတောဆင်ခြင်မှုနှင့် ကောင်းသောအမှုများ လုပ်ဆောင်နိုင်ရန်အတွက် စာပေအမျိုးမျိုးကို အခါအခွင့်သင့်သလို ဖတ်ရှုလေ့လာရန် လိုအပ်သည်။ လက်ရှိအနေအထားတွင် စာအုပ်စာပေဖွံ့ဖြိုးရေးအတွက် အခက်အခဲများရှိသော်လည်း စာဖတ်သူများအနေဖြင့် မဖတ်ရသေးသည့်စာအုပ်မှန်လျှင် အသစ်ဟုသောသဘောဖြင့် လွယ်လင့်တကူ ဖတ်ရှုနိုင်သည့် စာအုပ်ဆိုင်များနှင့် စာကြည့်တိုက်များရှိနေပြီဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုလျော့နည်းနေသောကာလ၌ ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသည့် စာကောင်းပေမွန်တို့ကို လေ့လာဖတ်ရှုခြင်းဖြင့် ကောင်းကျိုးများကို ဆောင်ကြဉ်းနိုင်ပေသည်။

မျက်မှောက်ကာလတွင် ခေတ်နှင့်အညီတိုးတက်လာသော ဆန်းသစ်သည့်နည်းပညာများ ပေါ်ထွန်းလာမှုကြောင့် မြန်မာနိုင်ငံအနေဖြင့် စာအုပ်စာပေဖွံ့ဖြိုးမှုနှင့် စာဖတ်သည့်အလေ့အထ အားနည်းသွားသော်လည်း ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင် စာအုပ်စာပေဖွံ့ဖြိုးမှုနှင့် စာအုပ်စာပေဖတ်ရှုသည့် အလေ့အထများအားကောင်းနေဆဲဖြစ်သည်။ စာပေဖတ်ရှုခြင်း၏ အကျိုးရလဒ်သည် တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးစီးပွားဖြစ်ထွန်းစေသဖြင့် နည်းပညာများ မည်သို့ပင်တိုးတက်သော်လည်း စာဖတ်သည့်အလေ့အထများ ပြန်လည်ထွန်းကားအောင် ကြိုးပမ်းဆောင်ရွက်သင့်ပေသည်။ မြန်မာနိုင်ငံတွင် စာဖတ်သည့်အလေ့အထများ အားနည်းလာခြင်း၏ အကျိုးရလဒ်များကို မြင်တွေ့နေရသည်။

အတန်းပညာတတ်မြောက်မှုအားနည်းခြင်း၊ အသိအမြင်နှင့် တွေးခေါ်နိုင်မှုအားနည်းခြင်းတို့ကြောင့် အကြမ်းဖက်လုပ်ရပ်များအထိ လုပ်ဆောင်လာကြသဖြင့် ဒေသနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများပါ ထိခိုက်လာသည်ကို တွေ့ရသည်။ စာဖတ်ခြင်းအကျိုးကျေးဇူးကြောင့် မှန်ကန်သောအသိအမြင် အတွေးအခေါ်များ ပြန်လည်ရရှိပြီး တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဆက်လက်သယ်ပိုးထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များရှိသည်။ တစ်ဖက်တွင်လည်း စာမဖတ်ခြင်းအကျိုးရလဒ်ကြောင့် အမှားအမှန် မခွဲခြားနိုင်ဘဲ လမ်းမှားရောက်သွားကြသူများလည်းရှိသည်။ စာဖတ်ခြင်းသည် လူတစ်ဦးချင်းအလိုက် ကောင်းကျိုးများကို ဆောင်ကြဉ်းပေးနိုင်ပြီး အကြောင်းအကျိုး၊ အကောင်းအဆိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိသည့် အသိပညာနှင့် အတွေးအခေါ်များ ရရှိစေနိုင်သည်။

အထူးသဖြင့် လူငယ်လူရွယ်များအား ငယ်ရွယ်စဉ်အချိန်ကတည်းက စာဖတ်ခြင်းအလေ့အထကောင်းများ ပျိုးထောင်ပေးရန်အတွက် ကျောင်းစာကြည့်တိုက်များ အသင့်ရှိနေပြီဖြစ်သည်။ ကျောင်းစာကြည့်တိုက်နှင့်ပတ်သက်၍ ကျောင်းသားကျောင်းသူများ၏ အသက်အရွယ်နှင့်ကိုက်ညီသည့် စာအုပ်များထားရှိရန်လိုပြီး ကျောင်းသား ကျောင်းသူများနှင့်မသက်ဆိုင်သည့် စာအုပ်စာပေများ မထားရှိရန် လိုကြောင်း နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည်။ ကျောင်းသား ကျောင်းသူများ သုတ၊ ရသစာပေများကို ဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာ၊ အတတ်ပညာများ တိုးပွားလာပြီး ၎င်းတို့ဘဝအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။ အတန်းပညာကို သင်ကြားမှုမှရရှိသကဲ့သို့ အသိပညာကို စာအုပ်စာပေများဖတ်ရှုခြင်းမှရရှိနိုင်သည်။ ကြုံတွေ့ခဲ့ရသည့် ဘဝအတွေ့အကြုံများ၊ စာပေဖတ်မှတ်ခြင်းမှ ရရှိသည့် အသိအမြင်များကိုလည်း မျိုးဆက်သစ်များအား ပြန်လည်မျှဝေပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ စာပေသည် လူမျိုး၏ယဉ်ကျေးမှုမဏ္ဍိုင်၊ စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံ၊ စာအုပ်စာပေသည် လူသားများအတွက် မိတ်ဆွေကောင်းဖြစ်၍ စာအုပ်စာပေဖွံ့ဖြိုးရေးနှင့် စာဖတ်သည့်အလေ့အထများ တိုးတက်ရှင်သန်ထွန်းကားရေးအတွက် ပါဝင်ကြိုးပမ်းဆောင်ရွက်ကြကာ စာပေဖြင့် ကောင်းကျိုးဆောင်ကြဉ်းပြီး နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# လျှော်ဘေးသင့်ဒေသပြည်သူများအား ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၆**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုတို့တွင် ဇွန် ၁၆ ရက်အထိ သေဆုံးသူ ၃၇၅၃ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၅၃ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၃ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများအား ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၁၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ **"အနာဂတ်မျိုးဆက်သစ် လူငယ်လူရွယ်တွေကို စာပေသင်ကြားပေးနေတဲ့ ပညာရေးဝန်ထမ်းများကို အကြောင်းအမျိုးမျိုးပြ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ဇွန် ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်သမားတွေရဲ့ ခြိမ်းခြောက်မှုကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယအကြိမ်ဖြေဆိုခွင့်အား ဖိအားများနဲ့ဖြတ်သန်းခဲ့ရသော ညောင်ဦးမြို့မှ ကျောင်းသား ကျောင်းသူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် ဇွန် ၁၆**

ဇွန် ၁၆ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီ ၄၄ မိနစ် ၀၁ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၄၄၉ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (Andaman Islands, India Region) မြောက်လတ္တီတွဒ် ၁၀ ဒသမ ၉၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၂၈ ဒီဂရီ၊ အနက် ၁၂၄ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်) တာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

## ၁၆ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၆- ၆ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၆၀၀ | ၆,၆၀၀ | ၆၃၄ | ၄,၁၈၄,၄၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၅၀ | ၆၀၀ | ၁,၇၇၀,၀၀၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၆၁ | ၄၄၅,၃၀၀ |
| FPB | ၁,၈၅၀ | ၁,၈၅၀ | ၄၁ | ၇၅,၈၅၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၂၅၀ | ၇၀၀,၀၀၀ |
| EFR | ၁,၅၅၀ | ၁,၆၅၀ | ၁,၁၆၀ | ၁,၈၆၈,၀၀၀ |
| AMATA | ၃,၉၀၀ | ၄,၀၀၀ | ၂၀၁ | ၇၈၄,၀၀၀ |
| MAEX | ၃,၀၅၀ | ၃,၁၀၀ | ၄၅၁ | ၁,၃၇၈,၁၀၀ |
| MADPL(PLB) | ၃,၁၅၀ | ၃,၁၅၀ | ၁ | ၃,၁၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Titon Mitra အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁၆**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme -UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Titon Mitra အား ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မန္တလေးငလျင်ကြောင့် ထိခိုက်ခဲ့မှုများကို ပြန်လည်ထူထောင်ရေးအတွက် UNDP မှ အထောက်အကူပေးမည့် လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ UNDP ရုံးမှ ကိုယ်စားလှယ်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၄) သင်တန်းဖွင့်ပွဲ ကျင်းပ



**ရန်ကုန် ဇွန် ၁၆**

စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၂၁၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး)၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပါမောက္ခချုပ်ဦးကျော်ထွေးက သင်တန်းသား သင်တန်းသူများအနေဖြင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်က ချမှတ်ထားသည့် သင်တန်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာပြီး မိမိဝန်ကြီးဌာန၏ ဂုဏ်ကိုဆောင်နိုင်သူများဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၂၁၄)သို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၁၅ ဦး၊ သင်တန်းသူ ၂၅၂ ဦး စုစုပေါင်း ၃၆၇ ဦးတို့ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဇွန် ၁၆ ရက်မှ ဩဂုတ် ၂၇ ရက်အထိ တက်ရောက်ရမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ခေတ်အဆက်ဆက်ဝတ်စားဆင်ယင်မှု အထိမ်းအမှတ် Block of Stamp အထူးထုတ် တံဆိပ်ခေါင်းသစ် တစ်မျိုး ထုတ်ဝေမည်



**နေပြည်တော် ဇွန် ၁၆**

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်ဖော်ထုတ်သည့်အနေဖြင့် ခေတ်အဆက်ဆက် မြန်မာအမျိုးသားများနှင့် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုများကို အများပြည်သူများနှင့် မျိုးဆက်သစ်လူငယ်များ ပိုမိုအလေးထားမှတ်သားနိုင်စေရန် ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်းစုဆောင်းသူ ဝါသနာရှင်များ တစုတစည်းတည်း စုဆောင်းနိုင်ကြရန်ရည်ရွယ်၍ ခေတ်အဆက်ဆက်ဝတ်စားဆင်ယင်မှု အထိမ်းအမှတ် Block of Stamp အထူးထုတ် ၂၄၀၀ ကျပ်တန် (၂၀၀x၁၂) စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးအား ဇွန် ၂၀ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက် (သောကြာနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးတို့တွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ဇွန် ၂၀ ရက် (သောကြာနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုနေမှုနှင့် အမှိုက်ခွဲခြားစွန့်ပစ်ခြင်း သရုပ်ပြအသိပညာပေးပွဲ ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၁၆

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုသည့် စာစစ်ဌာနများဖြစ်သည့် ပျဉ်းမနားမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းနှင့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမဝင်းအတွင်း ကျင်းပသော အမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်ရေး သရုပ်ပြသခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှိုက်များကို စနစ်တကျ ခွဲခြားစွန့်ပစ်တတ်စေရန်အတွက် ဈေးများ၊ ကျောင်းများ၊ ဌာနဆိုင်ရာရုံးများ၊ ပြည်သူလူထုများနှင့် လူစည်ကားရာနေရာများတွင် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဥပ္ပါတသန္တိစေတီတော်ကြီး ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ်များ ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ Cement grouting နှင့် Soil stabilization လုပ်ငန်းဆောင်ရွက်နေမှု၊ Backhoe breaker ဖြင့် မူလရင်ပြင်တော်ကြမ်းခင်း တူးဖော်ပြင်ဆင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြုပြင်မွမ်းမံရေးလုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားကာ ဆောင်ရွက်နေသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် နေပြည်တော်ကောင်စီ အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ဖြစ်ပေါ်ခဲ့သည့် (မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁)နှင့် သပြေကုန်းဈေး ပြန်လည်ပြုပြင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ လုပ်ငန်းဆောင်ရွက်နေသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

---

❖ ရှေ့ဖုံးမှ

နံနက်ပိုင်းမှစတင်၍ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများသည် မိမိတို့ဖြေဆိုကြမည့် စာစစ်ဌာနများသို့ အချိန်မီရောက်ရှိလာကြရာ တာဝန်ကျ ဆရာ ဆရာမများက စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်း၊ ဖြေဆိုကြမည့် အခန်းများအတွင်း၌လည်း ကျောင်းသား ကျောင်းသူများ လိုက်နာရမည့် စာမေးပွဲဆိုင်ရာ စည်းကမ်းချက်များ ရှင်းလင်း ပြောကြားခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတွင် ကြီးကြပ်ရေးမှူးအဖြစ် ဆောင်ရွက်နေသည့် ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းစမ်းမော်က "ဇမ္ဗူသီရိမြို့နယ်မှာ ဆေးရုံစင်တာအပါအဝင် စာစစ်ဌာန ခြောက်ခုဖွင့်လှစ်ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲမဖြေဆိုခင်မှာ စာဖြေသူအမည်စာရင်း၊ စည်းကမ်းချက်၊ အခန်းလိုက် စာဖြေခန်းတွေမှာ တာဝန်ချထားမှုဇယားနဲ့ အချိန်ဇယားတွေကို စီစဉ်ရပါတယ်။ ဒီစာစစ်ဌာနမှာ အထက(၅)၊ အထက(၆)၊ စိုးစံကိုယ်ပိုင်အထက်တန်းကျောင်းနဲ့ အလွတ်ဖြေတို့ ဖြေဆိုကြမှာဖြစ်ပါတယ်။ ဒီစာစစ်ဌာနမှာ စုစုပေါင်း ကျောင်းသားကျောင်းသူ ၃၅၄ ဦး ဖြေဆိုမှာဖြစ်ပါတယ်။ တစ်ခန်းကို ကျောင်းသားကျောင်းသူ ၃၀ နှုန်းဖြေဆိုမှာဖြစ်ပြီး စာဖြေခန်း စုစုပေါင်း ၁၃ ခန်းဖြစ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်ဖို့အခန်းနဲ့ အရန်အခန်းတွေလည်း ထားရှိပါတယ်။ အခုဖြေဆိုမယ့်ဦးရေနဲ့ မတ်လမှာ ဖြေဆိုခဲ့တဲ့ကျောင်းသားကျောင်းသူဦးရေ အပြောင်းအလဲရှိပါတယ်။ အကြောင်း အမျိုးမျိုးကြောင့် လာရောက် မဖြေဆိုနိုင်တာဖြစ်ပါတယ်။ အဲဒီကျောင်းသားကျောင်းသူတွေကို အခြေခံပညာအထက်တန်း အောင်မြင်ပြီးစီးကြောင်း လက်မှတ်ထုတ်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီစာစစ်ဌာနကနေ တခြားစာစစ်ဌာနကို ရွှေ့ပြောင်းဖြေဆိုတဲ့ ကျောင်းသား တစ်ဦးရှိပါတယ်။ မြန်မာနိုင်ငံ အတွင်းမှာရှိတဲ့ ကျောင်းသား ကျောင်းသူအားလုံး သာတူညီမျှဖြစ်စေဖို့နဲ့ စစ်မှန်ပြီး အရည်အချင်းရှိတဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ အခွင့်အရေးကို မဆုံးရှုံးစေချင်လို့ အခုစာမေးပွဲကြီးကို ပြန်လည်ကျင်းပပေးတာ ဖြစ်ပါတယ်" ဟုပြောသည်။



ဒေါ်စမ်းစမ်းမော်

နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက် လေ့ကျင့်သင်ကြားရေး စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် ဆရာ ဆရာမများက ဘာသာရပ်များအလိုက် စနစ်တကျ ပြန်လည်သင်ကြား ပို့ချပေးခဲ့ခြင်းနှင့် အကြောင်း အမျိုးမျိုးကြောင့် လာရောက် မသင်ကြားနိုင်သည့် ကျောင်းသား ကျောင်းသူများအတွက် အွန်လိုင်းမှ လည်းကောင်း၊ Education Channel များနှင့် ပုဂ္ဂလိကကျောင်းများ၏ Youtube Channel၊ Telegram တို့တွင်လည်းကောင်း ပညာဒါနအတန်းများ လေ့လာသင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ ပညာရေးဝန်ကြီးဌာနအနေဖြင့် စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် Text Book၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ပေတံနှင့် သင်ကြားမှု အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးသည့်အပြင် သင်ခန်းစာနှင့် သက်ဆိုင်သည့် အထောက်အကူပြုသင်ခန်းစာ စာရွက်စာတမ်းများကို ဖြန့်ဝေပေးခဲ့သည်။



ဦးဝင်းမြင့်ဦး

အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတွင် ကြီးကြပ်ရေးမှူးအဖြစ် ဆောင်ရွက်နေသည့် ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦးက "ဒီစာစစ်ဌာနမှာ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၃၃၉ ဦးရှိပါတယ်။ အခုလိုစာမေးပွဲ ပြန်လည် ဖြေဆိုတာကတော့ သဘာဝဘေးအန္တရာယ်ကြောင့် အဖြေလွှာတွေပျက်စီးဆုံးရှုံးသွားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ နေပြည်တော်ပြည်ထောင်စုနယ်မြေတို့မှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေအားလုံး ဒုတိယအကြိမ် ပြန်လည်ဖြေဆိုတာဖြစ်ပါတယ်။ ဒီစာစစ်ဌာနမှာတော့ အထက(၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)နဲ့ အလွတ်ဖြေတို့ လာရောက် ဖြေဆိုကြတာဖြစ်ပါတယ်။ စာဖြေခန်း ၁၂ ခန်း၊ အရန်တစ်ခန်းနဲ့ စုစုပေါင်း ၁၃ ခန်းရှိပါတယ်။ ကျောင်းသား ကျောင်းသူတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့ ဆေးခန်းတစ်ခန်းလည်း ထားရှိပါတယ်။ စာဖြေခန်းတစ်ခန်းမှာ ကျောင်းသားကျောင်းသူဦးရေ ၃၀ ဖြေဆိုမှာဖြစ်ပါတယ်။ STEAMS–1 မှာ ၁၆၂ ဦး၊ STEAMS–2 မှာ ၁၆၉ ဦးနဲ့ STAMS–1 မှာ ၁၄ ဦးရှိပါတယ်။ တက္ကသိုလ်ဝင် စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ကတ်တွေကိုလည်း ဇွန် ၁ ရက်က စတင်ထုတ်ပေးခဲ့ပါတယ်။ ဖြေဆိုချိန်ကတော့ မနက် ၉ နာရီကနေ မွန်းတည့် ၁၂ နာရီအထိ ဖြေဆိုရမှာဖြစ်ပါတယ်။ ဒီနေ့ တက္ကသိုလ်ဝင်စာမေးပွဲလာရောက်ဖြေဆိုကြတဲ့ ကျောင်းသား ကျောင်းသူတွေအနေနဲ့ နောက်ထပ်ဖြေဆိုမယ့် ဘာသာရပ်တွေကိုလည်း လာရောက်ဖြေဆိုကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်" ဟုပြောသည်။



အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

## ဝင်ရောက်ဖြေဆိုလျက်ရှိ

တက္ကသိုလ်ဝင် စာမေးပွဲသို့ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ စာစစ်ဌာန သုံးခု၊ ဇမ္ဗူသီရိမြို့နယ်ရှိ စာစစ်ဌာန ခြောက်ခု၊ လယ်ဝေးမြို့နယ်ရှိစာစစ်ဌာန ၁၁ ခု၊ ဒက္ခိဏသီရိမြို့နယ်ရှိ စာစစ်ဌာန နှစ်ခု၊ ဥတ္တရသီရိမြို့နယ်ရှိ စာစစ်ဌာန ခုနစ်ခု၊ တပ်ကုန်းမြို့နယ်ရှိ စာစစ်ဌာန ရှစ်ခု၊ ဇေယျာသီရိမြို့နယ်ရှိစာစစ်ဌာန ငါးခု၊ ပုဗ္ဗသီရိမြို့နယ်ရှိ စာစစ်ဌာန ငါးခု တို့၌ ကျောင်းသား ၅၄၀၄ ဦး၊ ကျောင်းသူ ၇၀၀၃ ဦး စုစုပေါင်း ၁၂၄၀၇ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေစဉ် ကာလအတွင်း ဘေးအန္တရာယ် ကင်းရှင်းစွာဖြေဆိုနိုင်ရေးအတွက် မြို့နယ်များအလိုက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို စနစ်တကျစီမံဆောင်ရွက်ထားကြောင်း သိရသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ယနေ့ ဇွန် ၁၆ ရက်မှ ၂၁ ရက်အထိ တစ်နေ့တစ်ဘာသာနှုန်းဖြင့် နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာသန့်**
**ဓာတ်ပုံ - ဖိုးပြည့်စုံ**

# ၂၀၂၅ ခုနှစ် ဇွန်လတက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ် ဖြေဆိုနေမှု လှည့်လည်ကြည့်ရှု



**နေပြည်တော် ဇွန် ၁၆**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်တို့သည် ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီနယ်မြေ ပညာရေးမှူးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနသို့ ရောက်ရှိကာ တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုသို့အားပေးကြည့်ရှုရာတွင် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာတာဝန်ရှိသူများအား တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြသည့် ကျောင်းသားကျောင်းသူများ စည်းကမ်းရှိစွာဖြင့် စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် မှာကြားပြီး ကျောင်းအတွင်းရှိ ကျန်းမာရေးဆေးပေးခန်းကို ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးများသည် ပုဗ္ဗသီရိမြို့ရှိ အမှတ်(၂၀) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆိုနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ကျောင်းအတွင်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးကြသည့် ရပ်မိရပ်ဖများ၊ ကြက်ခြေနီ၊ မီးသတ်၊ တပ်မတော်၊ ပြည်သူ့ရဲ၊ ပရဟိတအဖွဲ့များ၊ ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ကျေးဇူးတင်စကားပြောကြားသည်။

မန္တလေးလျှင်ကြီးဒဏ်ကြောင့် ပြန်လည်ဖြေဆိုကြသည့် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်ကို နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးရှိ ၂၉ ခရိုင်၊ ၅၈ မြို့နယ်တွင် စာစစ်ဌာန စုစုပေါင်း ၁၉၅ ခု၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၆၃၆၇၃ ဦး စာရင်းပေးသွင်း ကြပြီး ၆၂၈၂၄ ဦး ဝင်ရောက်ဖြေဆိုကြသည်။

နေပြည်တော်ကောင်စီနယ်မြေ လေးခရိုင်၊ ရှစ်မြို့နယ်တွင် စာစစ်ဌာန စုစုပေါင်း ၄၇ ခု၌စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၁၂၅၃၁ ဦးစာရင်းပေးသွင်းကြပြီး ၁၂၄၀၇ ဦး ဝင်ရောက် ဖြေဆိုကြကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပ

## စာစစ်ဌာန ၁၀၁ ခု ဖွင့်လှစ်ထားရှိပြီး ၃၃၇၈၈ ဦး လာရောက်ဖြေဆို



**မန္တလေး ဇွန် ၁၆**

မန္တလေး ငလျင်ကြီးကြောင့် အဖြေလွှာများ ပျက်စီးသွားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့နံနက်ပိုင်းမှ စတင်၍ ပြန်လည်စစ်ဆေးကျင်းပလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအတွင်း၌လည်း သတ်မှတ်ထားသည့် စာစစ်ဌာနများအလိုက် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဝင်ရောက်ဖြေဆိုကြသည်။

ထိုသို့ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ကျ ဆရာ ဆရာမများက ကျောင်းဝင်ပေါက်အသီးသီး၌ စာမေးပွဲဖြေဆိုရန် လိုအပ်သည့် အချက်အလက်များနှင့် စည်းကမ်းချက်များအား ရှင်းလင်းပြောကြားပေးပြီး စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း နေ့စဉ်လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များအတိုင်း လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက်ပေးကာ စနစ်တကျဖြင့် စိတ်ချမ်းမြေ့စွာ ဖြေဆိုနိုင်ရေး ဆောင်ရွက်ပေးကြသည်။

ယခု ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင် စာမေးပွဲတွင် တိုင်းဒေသကြီးအတွင်း၌ စာစစ်ဌာန ၁၀၁ ခု ဖွင့်လှစ်ထားရှိပြီး စာမေးပွဲဖြေဆိုရန် စာရင်းရှိ ၃၄၂၄၁ ဦးတွင် ၃၃၇၈၈ ဦး လာရောက်ဖြေဆိုသည့်အတွက် ဖြေဆိုသူရာခိုင်နှုန်းအနေဖြင့် ၉၈ ဒသမ ၆၈ ရာခိုင်နှုန်းရှိကြောင်း တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမြင့်ချိုက ပြောသည်။

“ကျောင်းသား ကျောင်းသူတွေအားလုံး အေးချမ်းပျော်ရွှင်စွာ စာမေးပွဲ ဖြေဆိုနေကြပါပြီ။ စာမေးပွဲဖြေဆိုရာမှာ လိုအပ်တဲ့ ကျောင်းသုံးစာရေးကိရိယာတွေကိုလည်း သက်ဆိုင်ရာစာစစ်ဌာနတွေမှာ အဆင်သင့် ဆောင်ရွက်ပေးထားပါတယ်။ နောက်ပြီး စာစစ်ဌာနတွေမှာလည်း လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးနဲ့ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ဖို့ကိုလည်း လိုက်လံစစ်ဆေးဆောင်ရွက်ပေးထားပါတယ်။ အခုစာမေးပွဲ ပြန်ဖြေရတာကတော့ ကျောင်းသား ကျောင်းသူတွေအတွက် ဒုတိယအခွင့်အရေးပဲ ဖြစ်ပါတယ်”ဟု ၎င်းကပြောသည်။

အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကြီးကြပ်ရေးမှူးအဖြစ် ဆောင်ရွက်နေသည့် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ခင်သီတာက “ကျွန်မတို့စာစစ်ဌာနမှာတော့ ဖြေဆိုသူ ၅၂၈ ဦးရှိပါတယ်။ အခန်းပေါင်း ၁၈ ခန်းရှိပြီး တာဝန်ကျ ဆရာ ဆရာမတွေအနေနဲ့ ၆၃ ဦးရှိပါတယ်။ ကျွန်မတို့အနေနဲ့ စာမေးပွဲလာရောက်ဖြေဆိုတဲ့ ကျောင်းသား ကျောင်းသူတွေ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ဖို့ အားလုံးဆောင်ရွက်ပေးထားပါတယ်။ ဖြေဆိုတဲ့အခါမှာ လိုအပ်မယ့် စာရေးကိရိယာတွေကိုလည်း အဆင်သင့်ထားရှိပေးထားပါတယ်။ အခုလို ဒုတိယအကြိမ် ဖြေဆိုရတယ်ဆိုတာ ကျောင်းသား ကျောင်းသူတွေအတွက် ထူးခြားတဲ့ အခွင့်အရေး ဖြစ်ပါတယ်။ ဒီအခွင့်အရေးကို မိမိရရ ဆုပ်ကိုင်ပြီးတော့ အရင်ကဖြေဆိုခဲ့တဲ့အခါမှာ ဖြစ်ပေါ်ခဲ့တဲ့ အားနည်းချက်တွေကို ပြင်ဆင်ပြီး ပြန်လည်ဖြည့်ဆည်း ဖြေဆိုခွင့်ရမှာဖြစ်တဲ့အတွက် ဝီရိယနှစ်ဆတိုးပြီး ကြိုးစားကြပါလို့ တိုက်တွန်းလိုပါတယ်”ဟု ပြောသည်။

တိုင်းဒေသကြီး အတွင်းရှိ စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက်လည်း ဧပြီ ၂၈ ရက်မှ စတင်၍ သတ်မှတ်ထားသည့် ကျောင်းများ၌ လေ့ကျင့်သင်ကြားရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် ဆရာ ဆရာမများက ဘာသာရပ်များအလိုက် စနစ်တကျ ပြန်လည်သင်ကြားပို့ချပေးခဲ့သည်။

ကျောင်းသားမိဘ တစ်ဦးကလည်း “အဖြေလွှာတွေ မီးလောင်ပြီဆိုကတည်းက စာမေးပွဲပြန်လည်ဖြေဆိုရနိုင်တယ်ဆိုတာ တွေးမိထားပါတယ်။ ဒါကြောင့် လိုအပ်တဲ့ စာအုပ်တွေ ပြန်လည်ရှာဖွေပြီး သားကိုစာတွေသေချာပြန်လုပ်ခိုင်းထားခဲ့ပါတယ်။ ကလေးကလည်း ခြောက်ဘာသာဂုဏ်ထူးမှန်းထားခဲ့ပါတယ်။ အရင်စာမေးပွဲမှာက အင်္ဂလိပ်စာ ဂုဏ်ထူးမှတ်မရနိုင်ဘူးလို့ ပြောပါတယ်။ အခုလို ပြန်ဖြေရမယ်ဆိုတော့ သားက တော်တော်ကို ပျော်နေပါတယ်။ နောက်ပြီး ဒီတစ်ခေါက်ပြန်ဖြေရတာ ဒုတိယအကြိမ် အခွင့်အရေးဖြစ်တဲ့အတွက် သေချာကြိုးစားဖို့လည်း မှာထားပါတယ်”ဟု ပြောသည်။

အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဝင်ရောက်ဖြေဆိုသည့် ကျောင်းသူတစ်ဦးက “စာမေးပွဲကို ဒုတိယအကြိမ် ဝင်ရောက်ဖြေဆိုရတယ်ဆိုပေမယ့် အကောင်းဆုံးဖြေဆိုနိုင်အောင် ကြိုးစားထားပါတယ်။ ပထမအကြိမ်ကထက် စာတွေပိုလုပ်ထားပြီး ဂုဏ်ထူးတွေထွက်အောင်လည်း ရည်မှန်းထားပါတယ်။ အဖေနဲ့ အမေကလည်း သမီးကို အများကြီး ပံ့ပိုးပေးပါတယ်။ ဆရာ ဆရာမတွေကလည်း သမီးတို့ကို စာမေးပွဲအကောင်းဆုံး ဖြေဆိုနိုင်ဖို့အတွက် လိုအပ်တာတွေကို သင်ကြားပေးပါတယ်။ သမီးရဲ့သူငယ်ချင်းတွေအားလုံးလည်း စာမေးပွဲပြန်လည်ဖြေဆိုကြပါတယ်။ အခုလို ဒုတိယအကြိမ် စာမေးပွဲဖြေဆိုရတဲ့အပေါ်မှာ တချို့ကျောင်းသား ကျောင်းသူတွေက စိတ်ဓာတ်ကျတာတွေရှိကြပါတယ်။ ဒီလို စိတ်ဓာတ်ကျတာတွေ မဖြစ်ဘဲနဲ့ အကောင်းဆုံး ကြိုးစားဖြေကြပါ။ မိဘတွေအနေနဲ့လည်း သမီးတို့ကို တစ်နှစ်ပတ်လုံး ပံ့ပိုးပေးထားတာဖြစ်တဲ့အတွက် ပင်ပန်းကြပါတယ်။ ဒါကြောင့် သမီးတို့အနေနဲ့ စာမေးပွဲ အကောင်းဆုံး ဖြေဆိုနိုင်ဖို့ တတ်နိုင်သမျှကြိုးစားသွားမှာပါ” ဟု ပြောသည်။

တက္ကသိုလ်ဝင် စာမေးပွဲ လာရောက် ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ် ကင်းရှင်းစေပြီး လုံခြုံစိတ်ချစွာဖြင့် သက်ဆိုင်ရာ စာစစ်ဌာနများသို့ လာရောက်နိုင်ရေးအတွက်လည်း မြန်မာနိုင်ငံ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် သက်ဆိုင်ရာမြို့နယ်များအလိုက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက ကျောင်းတွင်း၊ ကျောင်းပြင် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန် ၁၆ ရက်မှ ၂၁ ရက်အထိ ဘာသာရပ်အလိုက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ပြန်လည် ကျင်းပစစ်ဆေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်**



မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်း ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးနှင့် ဌာနဝင်ငွေ တိုးတက်ရရှိရေးအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ချောက်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ လျှပ်စစ်အင်ဂျင်နီယာဦးဆောင်၍ ဇွန်လဒုတိယပတ်က ချောက်မြို့ပေါ်ရပ်ကွက်များရှိ အိမ်သုံးမီတာများအား ကွင်းဆင်းစစ်ဆေးစဉ်။(ထိုသို့စစ်ဆေးခဲ့ရာ တရားမဝင်ဓာတ်အားသုံးစွဲသူ ၁၄ ဦးအား ဖော်ထုတ်အရေးယူနိုင်ခဲ့ကြောင်း သိရသည်။)

မြို့နယ်(ပြန်/ဆက်)

# ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် Grade 12 ကျောင်းသား ကျောင်းသူများ ယနေ့မှစ၍ စာမေးပွဲများပြန်လည်ဖြေဆို

နေပြည်တော် ဇွန် ၁၆

နိုင်ငံတော်အစိုးရအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ စာမေးပွဲများဖြေဆိုနိုင်ရန် ဧပြီ ၂၈ ရက်မှစတင်ကာ သတ်မှတ်ထားသည့် မြို့နယ်များရှိ ကျောင်းများ၌ လေ့ကျင့်သင်ကြားရေးစခန်း(Camp)များ ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးခဲ့ပြီး စာမေးပွဲပြန်လည်ကျင်းပမည့်ရက်အား ဇွန် ၁၆ ရက်မှ ၂၁ ရက်အထိ သတ်မှတ်ခဲ့သည်။

ယနေ့တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ သတ်မှတ်ထားသည့် မြို့နယ်အသီးသီးရှိ စာစစ်ဌာနများတွင် ကျောင်းသား ကျောင်းသူများ၏ ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ကို ပြန်လည်ဖြေဆိုလျက်ရှိကြသည်။ ထိုသို့ ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမှုအနေဖြင့် သတ်မှတ်ထားသည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ စာစစ်ဌာန ၁၉၅ ခုတွင် လာရောက်ဖြေဆိုသူ ကျောင်းသားကျောင်းသူ ၆၂၈၄ ဦးရှိသည့်အတွက် ဖြေဆိုရာခိုင်နှုန်း ၉၈ ဒသမ ၆၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ယခုကဲ့သို့ ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေစဉ် ကာလအတွင်း အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် မြို့နယ်များအလိုက် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျ စီမံဆောင်ရွက်ထားရှိကြောင်း သိရသည်။ **သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

## ပညာဒါန ဂျပန်စာအခြေခံသင်တန်း ဖွင့်လှစ်

ရန်ကုန် ဇွန် ၁၆

မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအသင်း Association of Myanmar – Japan Socio-Economic Development Cooperation (AMJSEDC)၏ ကူညီထောက်ပံ့မှုဖြင့် ပညာဒါန ဂျပန်စာအခြေခံသင်တန်းကို Akafuji Vocational Training Center ရွှေဂုံတိုင် ဗဟန်းမြို့နယ်၌ ယနေ့စတင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို Japan Foundation မှ ထုတ်ဝေသော Marugoto ဖတ်စာအုပ်အတွဲများထဲမှ A1(Activities) ကို အခြေခံကာ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ ရက်များတွင် နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသားဦးရေကို ၁၆ ဦးသာ ကန့်သတ်ထား၍ သင်တန်းကြေး အခမဲ့ဖြစ်သော်လည်း စာအုပ်စာတမ်းများကိုသင်တန်းသားများက မိမိအစီအစဉ်ဖြင့် ဝယ်ယူရမည်ဖြစ်ကြောင်း သိရသည်။

"ဒီနေ့မှာ သင်တန်းသား ၁၆ ဦးနဲ့ အခမဲ့ ပထမဆုံးသင်တန်းကိုစတင် ဖွင့်လှစ်ပါတယ်။ သုံးလတစ်ကြိမ် သင်တန်းအသစ်တွေ ဆက်ဖွင့်ပေးသွားမှာပါ။ အသက် ၁၈ နှစ်ကနေ ၃၀ အထိ လူငယ်တွေ အခမဲ့တက်လို့ရပါမယ်။ စာအုပ်စာတမ်းကြေးကိုတော့ သင်တန်းသားဘက်က ကျခံရပါမယ်။ ဒါကလည်းမများပါဘူး။ ငွေကျပ်နှစ်သောင်းလောက်ပဲ ကျသင့်တာပါ။ သင်တန်းကို join ချင်တဲ့လူငယ်တွေအနေနဲ့ ပညာဒါန သင်တန်းကို Akafuji Vocational Training Center အခန်းအမှတ် (၉၀၆) ယုဇနတာဝါ ရွှေဂုံတိုင် ဗဟန်းမြို့နယ်ကို ဆက်သွယ်နိုင်ပါတယ်" ဟု AMJSEDC အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ဂျပန်စာသင်တန်းကို ဦးရာလူစနစ်ဖြင့် ရွေးချယ်သင်ကြားပေးမည်ဖြစ်ပြီး အမှတ်ကောင်း ရရှိသူများအနေဖြင့် ယင်းသင်တန်းထက်အဆင့်မြင့်သည့် သင်တန်းများကို အခမဲ့ ဆက်လက်တက်ရောက် သင်ယူနိုင်မည်ဖြစ်သည်ဟုလည်း ၎င်းကဆိုသည်။

ထို့ပြင် အဆိုပါသင်တန်းကို တက်ရောက်ခြင်းအားဖြင့် ဂျပန်-မြန်မာပူးပေါင်းဆောင်ရွက်သည့် ပြည်တွင်းလုပ်ငန်းများတွင် လုပ်ခလစာကောင်းသည့် အလုပ်များကို လုပ်ကိုင်နိုင်မည့်အပြင် ထူးချွန်သူများအနေဖြင့် ဂျပန်နိုင်ငံရှိ တက္ကသိုလ်များတွင် အခမဲ့ပညာသင်ဆုများကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ရတီ**



## ဒက္ခိဏသီရိမြို့နယ်၌ သဘာဝဘေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ ငလျင်ဘေး၊ ရေဘေးအသိပညာပေး ဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒက္ခိဏသီရိမြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးအောင်ရာဇာဖြိုးက သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် ဆောင်ရန်/ ရှောင်ရန်အချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ငလျင်ဘေးနှင့် ရေဘေးဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်ခန်းများ လက်တွေ့ပြုလုပ်ခြင်းများကို ဌာနဆိုင်ရာများ၊ ကြက်ခြေနီအသင်းများနှင့် ပေါင်းစပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အောင်သူရဦး (ပြန်/ဆက်)**

## ကျိုက်ထိုမြို့၌ အသိပညာပေးဟောပြောပွဲပြုလုပ်

ကျိုက်ထို ဇွန် ၁၆

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့၏ (၃၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျိုက်ထိုမြို့အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်သည်။



ဦးစွာ ကျိုက်ထိုမြို့နယ် ပညာရေးမှူး ဦးမောင်ညိုက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စွာဦးက မူခင်းကျဆင်းရေး၊ အမှတ်(၆၂) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ရဲအုပ်စောထင်လင်းက မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် အသိပညာပေးခြင်း၊ အမှတ် (၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်နိုင်ထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာ ပေးခြင်းတို့ကို ဟောပြောဆွေးနွေးကြသည်။

ထို့နောက် မူခင်းအသိပညာပေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းများနှင့်ပတ်သက်သည့် မေးခွန်းများကိုမေးမြန်းရာ ဖြေဆိုနိုင်သည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဗိုလ်မှူးပြည်ထွန်းနှင့်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်းသိရသည်။ **ကျိုက်ထို(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်၌ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်မိမိတင်ငွေနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးထွန်းဝင်းတို့ ဦးဆောင်၍ မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ လသာမြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချသော ဆိုင်များတွင် ကြေညာချက်ဗီနိုင်းချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများဆောင်ရွက်စဉ်။
ကျော်ဆန်းမြင့်

## အခွန်ဆိုင်ရာ အသိပညာပေးမှုများဆောင်ရွက်

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသောဆိုင်များတွင် အခွန်ဆိုင်ရာအသိပညာပေးဗီနိုင်းများချိတ်ဆွဲခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်အခွန်ဦးစီးမှူး ဦးခင်မောင်အေး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်ရင်တို့က ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဌာနမှ တာဝန်ရှိသူများက စစ်ဆေးပေးခဲ့ကြကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**



# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (ဒုတိယအကြိမ်) ပထမနေ့၌ ကျောင်းသား ကျောင်းသူများ မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုမှု မြင်ကွင်း



ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။ **ခရိုင်(ပြန်/ဆက်)**



စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။ **ကျော်စွာ(ကသာ)**



ကချင်ပြည်နယ် တနိုင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။ **နေလင်းထူး(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။ **ခရိုင်(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ထီးတော်မိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။ **မြို့နယ်(ပြန်/ဆက်)**




မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။ **သိန်းမြင့်ကျော် (မိတ္ထီလာ)**



မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။ **မြို့နယ်(ပြန်/ဆက်)**



ကချင်ပြည်နယ် ဖားကန့် အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။ **မြို့နယ်(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။ **ကျော်စွာ(မြင်းခြံ)**



ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။ **သန်းလွင်ဦး(ပြန်/ဆက်)**

# လှူဒါန်းနိုင်ရန်နှိုးဆော်ချက်

၂၈-၃-၂၀၂၅ ရက်နေ့တွင်လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ရှေးဟောင်း စေတီ၊ ပုထိုး၊ ဂူဘုရားနှင့် ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံ (၁၇၈၂)ဆူနှင့် ဘုရားစေတီ၊ သာသနိကအဆောက်အအုံ (၄၉၉၈)ခု၊ စုစုပေါင်း (၆၇၈၀)ဆူ ထိခိုက်ပျက်စီးခဲ့ပါသည်။ အဆိုပါထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ် Acc များသို့လည်းကောင်း၊ ဖုန်းနံပါတ်များသို့ ဆက်သွယ်၍လည်းကောင်း၊ MMQR အား Scan ဖတ်၍လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | တည်နေရာ | စာရင်းအမည် | စာရင်းအမှတ် |
|---|---|---|---|
| ၁ | ရောဝတီဘဏ်၊ နေပြည်တော် | EARTHQUAKE-DAMAGED ANCIENT MONUMENTS RESTORATION FUND | 40037797858 |
| ၂ | A Bank၊ နေပြည်တော် | ။ | 0010011000015078 |
| ၃ | UAB bank၊ နေပြည်တော် | ။ | 0011060100009592 |
| ၄ | ကမ္ဘောဇဘဏ်၊ ရန်ကုန် | ။ | 25651325600598001 |
| ၅ | CB ဘဏ်၊ မန္တလေး | ။ | 0202100900023493 |

**ဆက်သွယ်လှူဒါန်းရန် ဖုန်းနံပါတ်များ**

နေပြည်တော် - နေပြည်တော်သာသနာရေးမှူးရုံး
၀၆၇ ၃၅၅၀၁၈၃၊ ၀၉ ၄၂၀၇၀၁၄၆၉
- ဒေါ်နီလာအေး၊ ဒုတိယညွှန်ကြားရေးမှူး
၀၉ ၄၂၀၇၁၄၇၆၀

ရန်ကုန်တိုင်း - ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး၊
ဦးဇော်ဦး၊ ညွှန်ကြားရေးမှူး
၀၉ ၂၀၃၈၅၆၃
- ဒေါက်တာဝတ်ရည်ဝင်းသန့်၊ ဒုတိယညွှန်ကြားရေးမှူး
၀၉ ၅၁၉၄၀၈၂

မန္တလေးတိုင်း - မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊
ဦးဖြိုးဇော်ဇော်၊ ညွှန်ကြားရေးမှူး
၀၉ ၄၂၁၂၂၂၅၁
- ဒေါ်မျိုးမျိုးပပကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး
၀၉ ၄၂၀၇၀၀၇၉၀

စစ်ကိုင်းတိုင်း - ဦးလှမင်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး
၀၉ ၄၀၂၆၁၀၁၃၄၊ ၀၉ ၆၆၄၆၉၀၆၇၅
- စစ်ကိုင်းတိုင်းဒေသကြီးသာသနာရေးမှူးရုံး
ဦးဖြိုးနောင်၊ လက်ထောက်ညွှန်ကြားရေးမှူး
၀၉ ၄၂၀၇၂၆၄၉၀၊ ၀၉ ၇၈၈၉၁၁၂၁၁

ပဲခူးတိုင်း - ဦးစိုးမိုးကျော်၊ ညွှန်ကြားရေးမှူး
ပဲခူးတိုင်းဒေသကြီး သာသနာရေးမှူးရုံး
၀၉ ၂၅၉၂၀၉၄၄၈
- ဦးထွန်းထွန်းလွင်၊ ဒုတိယညွှန်ကြားရေးမှူး
၀၉ ၄၃၀၁၉၁၆၈

ရှမ်းပြည်နယ် - ဦးသိန်းဌေး၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်သာသနာရေးမှူးရုံး၊
၀၉ ၄၂၀၇၃၀၈၃၉
- ဒေါ်ခက်ခက်လှ၊ ဒုတိယညွှန်ကြားရေးမှူး၊
၀၉ ၄၃၀၄၁၃၀၇




## အလုပ်သမားဝန်ကြီးဌာနမှ ငလျင်ဒဏ်သင့်ဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်

နေပြည်တော် ဇွန် ၁၆

အလုပ်သမား ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန/အဖွဲ့ရုံးများမှ ငလျင်ဒဏ်သင့်ဝန်ထမ်းများအား ထောက်ပံ့ငွေများပေးအပ်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ကျင်းပရာ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ငလျင်ဒဏ်သင့် ဝန်ထမ်းများ တက်ရောက်ကြသည်။




ဦးစွာ ဒုတိယဝန်ကြီးက ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့်ငလျင်ကြောင့် သေဆုံးသူ၊ ထိခိုက်ဒဏ်ရာရရှိသူ၊ ပျောက်ဆုံးနေသူနှင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း၊ ငလျင်ဒဏ်ကြောင့် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ထိခိုက်ပျက်စီးခဲ့သဖြင့် ယာယီရုံးများ ဆောက်လုပ်ခြင်း၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် BASHA ဆောက်လုပ်ခြင်း၊ Modular House တပ်ဆင်ခြင်းတို့ ဆောင်ရွက်ပေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ငလျင်ဒဏ်သင့် ပြည်ထောင်စုနယ်မြေ၊ မန္တလေး၊ ပဲခူး၊ စစ်ကိုင်း၊ တောင်ငူ၊ ကျောက်ဆည်၊ တောင်ကြီး၊ မိတ္ထီလာမြို့များသို့ သွားရောက်၍ ဝန်ထမ်းများနှင့် မိသားစုဝင်များကို တွေ့ဆုံအားပေးစကားပြောကြားခြင်း၊ ထောက်ပံ့ကြေးနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းတို့အပြင် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ယနေ့ အခမ်းအနားတွင် နေပြည်တော်ရှိ ငလျင်ဒဏ်သင့် ဝန်ထမ်းများအား ထောက်ပံ့ငွေ ပေးအပ်ခြင်းဖြစ်ပြီး ဝန်ထမ်းများအနေဖြင့် စိတ်ခွန်အားမြင့်မား၍ အစွမ်းရှိသမျှ ကြိုးစား ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များက ငလျင်ဒဏ်သင့် ဝန်ထမ်း ၁၁ ဦးအား တစ်ဦးလျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မိုးညိုမြို့နယ်၌ မိုးစပါးစိုက်ပျိုးထုတ်လုပ်ရေး စီမံကိန်း သွင်းအားစုပေးအပ်

မိုးညို ဇွန် ၁၆

၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် မိုးစပါးစိုက်ပျိုးထုတ်လုပ်ရေးစီမံကိန်း သွင်းအားစုပေးအပ်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ ရွှေဥဒေါင်းရပ်ကွက်ရှိ သမဝါယမဦးစီးဌာနရုံး၌ ဇွန် ၁၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်သမဝါယမအသင်းစုလီမိတက် ဥက္ကဋ္ဌ ဦးတင်မြင့်က သွင်းအားစုများပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖုန်းလွင်က မိုးညိုမြို့နယ်ကျေးရွာအုပ်စုများအတွင်း ဖွဲ့စည်းဆောင်ရွက်ထားသော အသင်းကိုးသင်းမှ အသင်းသား ၂၂၅ ဦးအတွက် သွင်းအားစုများကို ပေးအပ်ရာ လဖျော်ပင်ကျေးရွာ ချမ်းရိပ်မြိုင်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းဥက္ကဋ္ဌ ဦးကိုထွေးက အသင်းအဖွဲ့များကိုယ်စား လက်ခံရယူခဲ့ကြောင်းသိရသည်။ **ကိုမင်း(ပြန်/ဆက်)**



## ဟသ္သာတမြို့နယ်၌ စွန့်ပစ်အမှိုက်များ ခွဲခြားစွန့်ပစ်နိုင်ရေး အသိပေးရှင်းလင်း



ဟသ္သာတ ဇွန် ၁၆

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတမြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်ဖြင့်စွန့်ပစ်အမှိုက်များကို အမျိုးအစားလေးမျိုးခွဲခြား၍ အမှိုက်ပုံး လေးပုံးထားရှိစွန့်ပစ်နိုင်ရေး အသိပေးရှင်းလင်းမှုကို ယနေ့နံနက်ပိုင်းက စည်ပင်သာယာရေး အဖွဲ့ပိုင်ပဒေသာဈေးအတွင်း ပြုလုပ်ခဲ့သည်။

အဆိုပါ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာသို့ ပဒေသာဈေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် ကော်မတီဝင်များ၊ ငွေဝင်းဈေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာပေါ်ဈေး ကော်မတီဥက္ကဋ္ဌနှင့် ဈေးသူ ဈေးသားများ တက်ရောက်လေ့လာကြည့်ရှုခဲ့ကြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများနှင့်ဝန်ထမ်းများက အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်ခြင်းကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇွန် ၁၆

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ကျင်းပ

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၄)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်း အသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများ အလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့် အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့ စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင် ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေး ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်း စောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေး အတွက် စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန် များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည် စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်း သင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့ သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့ အသီးသီးတွင် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။



ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစဉ်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၄)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည် -

၁။ ကျွန်တော်အခု အမှတ်စဉ်(၁၄)မှာ သင်တန်းတက်ရမယ်ဆိုတော့ အရင်လည်း ကိုယ့်အရှေ့က အမှတ်စဉ်တွေမှာ သင်တန်းတက်ခဲ့ရတဲ့သူတွေကို အားကျလို့ ကျွန်တော်ကိုယ်တိုင် ဒီအမှတ်စဉ်(၁၄)ကို တက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ အခုပြည်သူ့စစ်မှုထမ်းကို လူငယ် တစ်ယောက်အနေနဲ့ ကျွန်တော်လည်း အသက်ပြည့်ပြီဆိုတဲ့အတွက်ကြောင့် ပြည်သူ့စစ်မှုထမ်းကို ပျော်ပျော်ရွှင်ရွှင်နဲ့ လာတက်ရောက်တာဖြစ်ပါတယ်။ သင်တန်း တက်ရတာလည်း ပျော်ပါတယ်။ ကျွန်တော့်စိတ်ခံစားချက်ကိုက နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်ရမယ် ဆိုတာသိလို့ပါ။ မြန်မာနိုင်ငံသား တစ်ယောက်အနေနဲ့ တာဝန်ထမ်းဆောင်ရမယ်ဆိုတာကို ခံစားချက် ကျွန်တော့် ရင်ဘက်ထဲမှာ ရှိလို့ပါ။ ကျွန်တော်ကတော့ ကျွန်တော် တာဝန်ထမ်းဆောင်ရမယ့် နှစ်နှစ်ကာလကို တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားပါ့မယ်လို့ ပြောချင်ပါတယ်။

၂။ ဒီသင်တန်း ပြီးသွားလို့ရှိရင် ကိုယ်တာဝန်ကျမယ့် တပ်တွေကို ရောက်တဲ့အခါ နိုင်ငံတော်က ပေးအပ်တဲ့တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်သွားမှာဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းက ကောင်းပါတယ်။ ကောင်းပါတယ်ဆိုတာက နိုင်ငံသားတစ်ယောက်အနေနဲ့ မဖြစ်မနေ ထမ်းဆောင်ရမှာပါ။ အခုလို ရောက်လာခဲ့တဲ့အတွက် ဝမ်းလည်းနည်းတယ်။ ဝမ်းလည်းသာပါတယ်။ ဝမ်းနည်းတယ်ဆိုတာလည်း အိမ်နဲ့ခွဲခွာရလို့ပါ။ ဝမ်းသာတယ်ဆိုတာက ဒီမှာရောက်လာတော့ ကိုယ်ထင်ထားသလိုလည်း မဟုတ်ခဲ့ပါဘူး။ ဒီမှာ အပေါင်းအသင်းတွေက ကိုယ်နဲ့ သေတူယှဉ်ဖက်တွေနဲ့ တွေ့တော့ အဲလိုမျိုးလည်း တစ်မျိုးလေး ဝမ်းသာမိပါတယ်။ အပြင်မှာတုန်းကတော့ ပြောတာပေါ့။ ဒီပြည်သူ့စစ်မှုထမ်းထဲ ရောက်လို့ရှိရင် နှစ်နှစ်မဟုတ်ဘူးပေါ့။ သူတို့ ထားသလောက်နေရမယ်ပေါ့။ အဲလိုမျိုးတွေပြောကြပါတယ်။ ဒီထဲမှာ ရောက်တော့ သူတို့ပြောသလို မဟုတ်ပါဘူး။ တာဝန်ထမ်းဆောင်ပြီး နှစ်နှစ်ပြည့်လို့ရှိရင် မိမိတို့နေရာဒေသ အသီးသီးကို ပြန်လို့ရပါတယ်။

**သတင်းစဉ်**



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄)မှ သင်တန်းသားများအား တာဝန်ရှိသူများက ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစဉ်။









ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇွန် ၁၆**

ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၊ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

မိုး/ဇလ

# ကမ္ဘာကြီးက ဆက်ကွဲနေမယ်

## နိုင်ငံတကာရေးရာ သုတေသီတစ်ဦး

**"ဒီကြားထဲ ဘာသာရေးအစွန်းရောက်၊ လူမျိုးရေးအစွန်းရောက်၊ အကြမ်းဖက်သမားအုပ်စုတွေနဲ့ သဘာဝပတ်ဝန်းကျင်၊ အမျိုးသမီးအခွင့်အရေး၊ လိင်တူသူများအခွင့်အရေး၊ တက်ကြွလှုပ်ရှားသူဆိုတာတွေကလည်း ရှိသေးတယ်။ အားလုံးက သူတို့အခွင့်အရေး တောင်းဆိုနေကြတယ်။ အားလုံးဟာ အစွန်းတွေဆီသွားနေကြတယ်။ လူတွေဟာ ခေတ်တွေ၊ စနစ်တွေ ပြောင်းတာနဲ့အမျှ ရုပ်ပိုင်းဆိုင်ရာ တိုးတက်လာကြပေမယ့် စိတ်ပိုင်းဆိုင်ရာကတော့ တိုးတက်မလာဘူး။ ကိုယ်တန်ဖိုးထားတဲ့အရာတွေကို အထိအခိုက်မခံနိုင်ကြဘူး။ စေ့စပ်ညှိနှိုင်းဖို့ထက် လက်ဦးမှုရဖို့ပဲ အားသန်လာနေကြတယ်"**

ကမ္ဘာကြီးမှာ ဆူဆူညံညံဖြစ်နေတာ ကြာပါပြီ။ အမေရိကန်မှာ ဒေါ်နယ်ထရမ့် သမ္မတဖြစ်လာပြီး နောက်ပိုင်း အဲဒီအသံတွေ ပိုကျယ်လာတာပါ။ ပြောမယ်ဆို ကမ္ဘာကြီးက အတော်ကိုကွဲနေတာပေါ့။ ညှိနှိုင်းလို့မရနိုင်လောက်အောင် ကွဲနေတာပါ။ လူတွေက ဘာတွေများဖြစ်လာဦးမလဲဆိုပြီး စိုးရိမ်ကြတယ်။

အကိုင်အတွယ်မတတ်ရင် တတိယကမ္ဘာစစ်အထိ ဖြစ်သွားနိုင်တယ်လို့ ထရမ့်ကိုယ်တိုင်က တစ်ကြိမ်မကပြောထားတော့ လူတွေက ပိုစိုးရိမ်ကြတယ်။ အခုက အမေရိကန်ကော ဥရောပမှာပါ နိုင်ငံရေးအခြေအနေက တော်တော် ရှုပ်ရှုပ်ထွေးထွေးဖြစ်လာနေတယ်။ ရုရှား - ယူကရိန်းစစ်က ကြာရှည်နေသလို ပိုပြီးတင်းမာလာနေတယ်။ တရုတ်နဲ့ အမေရိကန်၊ အီးယူတို့လို အနောက်နိုင်ငံတွေအကြား တင်းမာမှုကတိုးလာနေတယ်။ ဘာမှ မှန်းဆလို့မရအောင်ဖြစ်လာတယ်။ နိုင်ငံရေးသီအိုရီတွေ ဘေးရောက်ကုန်တယ်။ ကမ္ဘာ့စနစ်ကြီးကို ထိန်းကျောင်းတယ်ဆိုတဲ့ အမေရိကန်တို့၊ ဥရောပတို့ကိုယ်တိုင် သူတို့အတွင်းထဲမှာ အကွဲအပြဲတွေ ကြီးမားနေတယ်။ ကုလသမဂ္ဂတို့၊ နိုင်ငံတကာအဖွဲ့အစည်းတို့ဆိုတာလည်း သူတို့ကိုယ်သူတို့ အနိုင်နိုင်လိုဖြစ်နေတယ်။ တစ်ခုခု ကြီးကြီးမားမား ဖြစ်လာရင် ကြားဝင်မယ့်သူကလည်းမရှိဘူး။ အထိန်းအကွပ်တွေ ပြုတ်ထွက်သလို ဖြစ်နေတယ်။

### ဝိုင်းကြီးပတ်ပတ် ဒူဝေဝေဖြစ်နေ

အကွဲအပြဲတွေဆိုတာ နိုင်ငံတိုင်းမှာရှိတယ်။ အာဏာရှင်နိုင်ငံတွေမှာလည်း အကွဲအပြဲဆိုတာ ရှိသလို ဒီမိုကရေစီနိုင်ငံတွေမှာလည်း အကွဲအပြဲဆိုတာရှိတယ်။ အာဏာရှင်နိုင်ငံတွေနဲ့ ဒီမိုကရေစီနိုင်ငံတွေဆိုတာ အရင်ကတည်းက စည်းခြားပြီးသား၊ ကွဲနှင့်ပြီးသားဖြစ်တယ်။ အာဏာပိုင်နိုင်ငံတွေမှာ အကွဲအပြဲက မသိသာပေမယ့် အမေရိကန်၊ ဥရောပလို ဒီမိုကရေစီနိုင်ငံတွေမှာ အကွဲအပြဲက သိသာတယ်။ အခုက ဒီမိုကရေစီနိုင်ငံတွေထဲမှာကို သူတို့အချင်းချင်း အကွဲအပြဲက ကြီးမားနေတာ ဖြစ်တယ်။ အာဏာရှင်နိုင်ငံတွေရယ်၊ ဒီမိုကရေစီနိုင်ငံတွေရယ်၊ ဒီမိုကရေစီနိုင်ငံတွေထဲက ထရမ့်တို့လို အာဏာရှင်ဆန်သူတွေရယ် ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ ဖြစ်နေတယ်။

ဒီကြားထဲ ဘာသာရေးအစွန်းရောက်၊ လူမျိုးရေးအစွန်းရောက်၊ အကြမ်းဖက်သမားအုပ်စုတွေနဲ့ သဘာဝပတ်ဝန်းကျင်၊ အမျိုးသမီးအခွင့်အရေး၊ လိင်တူသူများအခွင့်အရေး၊ တက်ကြွလှုပ်ရှားသူဆိုတာတွေကလည်း ရှိသေးတယ်။ အားလုံးက သူတို့အခွင့်အရေး တောင်းဆိုနေကြတယ်။ အားလုံးဟာ အစွန်းတွေဆီသွားနေကြတယ်။ လူတွေဟာ ခေတ်တွေ၊ စနစ်တွေ ပြောင်းတာနဲ့အမျှ ရုပ်ပိုင်းဆိုင်ရာ တိုးတက်လာကြပေမယ့် စိတ်ပိုင်းဆိုင်ရာကတော့ တိုးတက်မလာဘူး။ ကိုယ်တန်ဖိုးထားတဲ့အရာတွေကို အထိအခိုက်မခံနိုင်ကြဘူး။ စေ့စပ်ညှိနှိုင်းဖို့ထက် လက်ဦးမှုရဖို့ပဲ အားသန်လာနေကြတယ်။

### နိုင်ငံတကာအဖွဲ့အစည်းတွေ နေရာအနှံ့ပေါ်လာ

သမိုင်းကိုပြန်ကြည့်ရင် ကမ္ဘာကြီးမှာ ကွဲပြားမှုတွေ သိပ်များလာရာ၊ သိပ်ကြီးလာရာကနေ စစ်ကြီးတွေဖြစ်တယ်။ ဒုတိယကမ္ဘာစစ်ကြီး (၁၉၃၉-၁၉၄၅) ပြီးတော့ အဲဒီကွဲပြားမှုတွေ လျော့နည်းဖို့၊ အပြန်အလှန်နားလည်ဖို့ဆိုပြီး နိုင်ငံတကာဥပဒေမူဘောင်တွေ ထုတ်ပြန်တယ်၊ လူ့အခွင့်အရေးမူဘောင်တွေချမှတ်တယ်၊ နိုင်ငံတကာအဖွဲ့အစည်းတွေဖွဲ့စည်းတယ်၊ ကုလသမဂ္ဂဆိုတာရှိလာတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းက ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးဆိုတာတွေမှာ အကြီးအကျယ် ရင်းနှီးမြှုပ်နှံခဲ့တယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေ နေရာအနှံ့ပေါ်လာတယ်။

ကမ္ဘာကျော်တက္ကသိုလ်ကြီးတွေက လူသားရင်းမြစ်များစွာ မွေးထုတ်ပေးတယ်။ နိုင်ငံတကာသုတေသနဌာနတွေက စာတမ်းပေါင်းများစွာ ရေးသားတယ်။ ဝိုင်းဝန်းချိတ်ဆက် လုပ်ဆောင်ကြတယ်။ ကမ္ဘာကြီးငြိမ်းချမ်းဖို့၊ တရားမျှတဖို့ ပုံစံအမျိုးမျိုး၊ ခေါင်းစဉ်အမျိုးမျိုးနဲ့ လုပ်လိုက်ကြတဲ့ ပရောဂျက်တွေ၊ ပရိုဂရမ်တွေဆိုတာ ထောင်နဲ့သောင်းနဲ့ချီပြီးရှိတယ်။ သုံးလိုက်တဲ့ပိုက်ဆံတွေဆိုတာ ဒေါ်လာ ဘီလီယံ ထောင်သောင်းချီရှိတယ်။ အခု ၂၀၂၅ ခုနှစ်မှာ ဒုတိယကမ္ဘာစစ်ကြီးပြီးတာ နှစ် ၈၀ ပြည့်ပြီ။ နောက် အနှစ် ၂၀ ဆို စစ်ကြီးပြီးတာ နှစ် ၁၀၀ ပြည့်လိမ့်မယ်။ အဲဒီနှစ် ၁၀၀ မပြည့်ခင် ကမ္ဘာကြီးက ပိုပြီးငြိမ်းချမ်းလာဖို့လိုတယ်။ သဘောထားကွဲပြားမှုတွေ လျော့နည်းလာဖို့လိုတယ်။ နောက်ထပ် နှစ် ၂၀ ပဲ အချိန်ရတော့တယ်။ မဟုတ်ရင် ဒီကမ္ဘာကြီးဟာ တတိယကမ္ဘာစစ်ကြီး ဒါမှမဟုတ်လည်း ကြီးမားတဲ့စစ်ပွဲကြီးတွေ လာမယ့်နှစ် ၂၀ အတွင်း ထပ်ပြီးရင်ဆိုင်ရလိမ့်မယ်။

### လူ့အဖွဲ့အစည်းအတွင်း အကွဲပြားဆုံးလို့ ပြောနိုင်တဲ့အခြေအနေကို ရင်ဆိုင်နေရ

အခုဆို အားလုံးသိကြတဲ့အတိုင်း ကမ္ဘာကြီးဟာ သူ့သမိုင်းမှာ လူ့အဖွဲ့အစည်းအတွင်း အကွဲပြားဆုံးလို့ ပြောနိုင်တဲ့အခြေအနေကို ရင်ဆိုင်နေရတယ်။ နိုင်ငံရေးလည်း နိုင်ငံရေးမို့၊ စီးပွားရေးလည်း စီးပွားရေးမို့၊ လူမှုရေးလည်း လူမှုရေးမို့ အကုန်ရှုပ်ထွေးနေတယ်။ သံသယတွေကြီးနေတယ်။ ယုံကြည်မှုတွေ ပျောက်ဆုံးနေတယ်။ ဒီလိုအခြေအနေတွေမှာ ကမ္ဘာကြီးကို ထိန်းကျောင်းဖို့ အာဏာရှိတဲ့အစိုးရတွေ၊ ကုလသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းတွေမှာ တာဝန်ရှိတယ်ဆိုပေမယ့် အခုက အဲဒီအစိုးရတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေကိုယ်တိုင်က အနိုင်နိုင်ဖြစ်လာနေတယ်။

အစိုးရတွေဟာ လူသားချင်းစာနာမှု၊ ဖွံ့ဖြိုးရေးအကူအညီတွေဆိုတာထက် လုံခြုံရေး၊ စစ်ရေး စတဲ့နေရာတွေမှာ သူတို့ငွေကြေးတွေကို ပိုမိုသုံးစွဲဖို့ ဖြစ်လာတယ်။ ထရမ့် တက်လာပြီးနောက်ပိုင်း အမေရိကန်နဲ့ ဥရောပ ဆက်ဆံရေးအခြေအနေ ရုတ်ခြည်းဆိုးရွားလာတာကြောင့် ဥရောပက သူ့ကာကွယ်ရေးအတွက် အသုံးစရိတ်တွေ ပိုတိုးသုံးစွဲဖို့ စီစဉ်လာနေရတယ်။ စစ်ရေးအသုံးစရိတ်တွေ တိုးသုံးရတဲ့အတွက် အခြားနေရာက ဥပမာ-နိုင်ငံတကာဖွံ့ဖြိုးရေး၊ လူသားချင်းစာနာမှု အကူအညီတွေ လျှော့ချဖြတ်တောက်ဖို့ဖြစ်လာတယ်။ လူတွေဟာ ဘယ်သူ့ဘယ်သူမှ မယုံကြတော့ဘူး။ ဘယ်သူ့ဘယ်သူကို အားကိုးရမှန်း မသိကြတော့ဘူး။ သဘောထားကွဲလွဲမှုတွေကို စေ့စပ်ဖြေရှင်းဖို့ထက် အားလုံးက ခံစစ်ပြင်နေကြပြီ။

ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာ ဖြစ်တည်လာတဲ့ ကမ္ဘာ့စနစ်ကြီးဟာ အခုဆိုရင် အကြီးမားဆုံး စိန်ခေါ်ခံနေရတယ်။ နိုင်ငံတကာဥပဒေမူဘောင်တွေ၊ နိုင်ငံတကာလူ့အခွင့်အရေး စည်းမျဉ်းတွေဆိုတာ ဘေးရောက်သလို ဖြစ်လာနေတယ်။ နိုင်ငံတကာ ဥပဒေမူဘောင်တွေ၊ စည်းမျဉ်းစည်းကမ်းတွေကို အဓိကထိန်းကျောင်းတာ အနောက်နိုင်ငံတွေဖြစ်တယ်။ အခုဆို အဲဒီအနောက်နိုင်ငံတွေကိုယ်တိုင် သူတို့အတွင်းမှာတင် သဘောထားကွဲပြားမှုတွေက ညှိနှိုင်းလို့မရအောင်ဖြစ်လာနေတယ်။ အရင်က အမေရိကန်၊ ဥရောပဆိုတာ ညီညွတ်တယ်။

### အမေရိကန်နဲ့ ဥရောပ စည်းလုံးညီညွတ်မှုက သိသိသာသာ ယိုယွင်းလာ

အမေရိကန်မှာ ထရမ့် တက်လာပြီးနောက်ပိုင်း အမေရိကန်နဲ့ ဥရောပ စည်းလုံးညီညွတ်မှုက သိသိသာသာယိုယွင်းလာတယ်။ လူသိရှင်ကြား ကတောက်ကဆတ်ဖြစ်ကြတယ်။ အမေရိကန်နဲ့ ဥရောပအကြားမှာတင်မဟုတ်ဘူး။ အမေရိကန်အတွင်းနဲ့ ဥရောပအတွင်းမှာလည်း အကွဲအပြဲတွေက နက်နက်ရှိုင်းရှိုင်း ဖြစ်ပေါ်နေတယ်။ အမေရိကန်နိုင်ငံမှာ အာဏာရရီပတ်ဘလစ်ကင်ပါတီနဲ့ပြိုင်ဘက် ဒီမိုကရက်တစ်ပါတီအကြား အားပြိုင်မှုက အရှိန်မြင့်လာနေသလို ဥရောပမှာလည်း အာဏာရ လက်ဝဲယိမ်း လစ်ဘရယ်အစိုးရတွေနဲ့ အတိုက်အခံ အမျိုးသားရေး လက်ယာစွန်းပါတီတွေအကြား ပြိုင်ဆိုင်မှုတွေက ပြင်းထန်လာနေတယ်။ အမေရိကန်မှာ ဒီမိုကရက်တွေက ထရမ့်ကို အတော်မုန်းကြတယ်။ တေးထား၊ ကြိမ်းထားတာပေါ့။ မိုးကောင်းတုန်းတော့ ရွာထားဦးပေါ့။ ထရမ့်ဆိုတဲ့သူကလည်း မိုးရွာရုံတင် မဟုတ်ဘူး။ လေပါတိုက်တာ၊ လေပါတိုက်ရင်း မိုးကြိုးပါပစ်တာ၊ လိုအပ်ရင် လေဆင်နှာမောင်းပါ ထည့်သုံးတာဖြစ်တယ်။ ဒုတိယကမ္ဘာစစ်အပြီး တည်ရှိခဲ့တဲ့ နိုင်ငံတကာအထိုင်ကြီးတစ်ခုလုံးကို ဆွဲဖြုတ်ဖို့အထိ ကြိုးစားလာတယ်။

ဥရောပမှာလည်း လစ်ဘရယ်တွေက လက်ယာစွန်းတွေကို အတော်သတိထားကြတယ်။ တစ်ချိန်က ဂျာမနီက ဟစ်တလာတို့၊ အီတလီက မူဆိုလီနီတို့ဆိုတာ လက်ယာစွန်းဖက်ဆစ်တွေဖြစ်တယ်။ ဒါကြောင့် ဥရောပအစိုးရတွေဟာ လက်ယာစွန်းပါတီတွေ ဘယ်လောက်အားကောင်းပါစေ၊ သူတို့ကိုဖယ်ချန်ပြီး အခြားပါတီတွေနဲ့သာ ညွန့်ပေါင်းအစိုးရဖွဲ့လေ့ရှိတယ်။ အခုက ဥရောပမှာ လယ်ယာစွန်းတွေ အားကောင်းလာနေတာကို အသိအမှတ်မပြုလို့မရနိုင်လောက်အောင်ဖြစ်လာနေတယ်။ သူတို့ဆီမှာက ရွေးကောက်ပွဲတွေက လေးနှစ်၊ ငါးနှစ်တစ်ကြိမ်မို့ အပြောင်းအလဲတွေ၊ သဘောထားကွဲမှုတွေက မဆန်းပါဘူးဆိုပေမယ့် အခုက အရင်နဲ့မတူတော့ပါဘူး။ ကမ္ဘာ့နိုင်ငံရေးက ပြောင်းနေပါပြီ။ **စာမျက်နှာ ၁၁ သို့** ◆

**"ကမ္ဘာကျော်တက္ကသိုလ်ကြီးတွေက လူသားရင်းမြစ်များစွာ မွေးထုတ်ပေးတယ်။ နိုင်ငံတကာသုတေသနဌာနတွေက စာတမ်းပေါင်းများစွာ ရေးသားတယ်။ ဝိုင်းဝန်းချိတ်ဆက် လုပ်ဆောင်ကြတယ်။ ကမ္ဘာကြီးငြိမ်းချမ်းဖို့၊ တရားမျှတဖို့ ပုံစံအမျိုးမျိုး၊ ခေါင်းစဉ်အမျိုးမျိုးနဲ့ လုပ်လိုက်ကြတဲ့ ပရောဂျက်တွေ၊ ပရိုဂရမ်တွေဆိုတာ ထောင်နဲ့သောင်းနဲ့ချီပြီး ရှိတယ်။ သုံးလိုက်တဲ့ပိုက်ဆံတွေဆိုတာ ဒေါ်လာ ဘီလီယံထောင်သောင်းချီရှိတယ်။ အခု ၂၀၂၅ ခုနှစ်မှာ ဒုတိယကမ္ဘာစစ်ကြီးပြီးတာ နှစ် ၈၀ ပြည့်ပြီ။ နောက် အနှစ် ၂၀ ဆို စစ်ကြီးပြီးတာ နှစ် ၁၀၀ ပြည့်လိမ့်မယ်။ အဲဒီနှစ် ၁၀၀ မပြည့်ခင် ကမ္ဘာကြီးက ပိုပြီးငြိမ်းချမ်းလာဖို့လိုတယ်။ သဘောထားကွဲပြားမှုတွေ လျော့နည်းလာဖို့လိုတယ်။ နောက်ထပ် နှစ် ၂၀ ပဲ အချိန်ရတော့တယ်။ မဟုတ်ရင် ဒီကမ္ဘာကြီးဟာ တတိယကမ္ဘာစစ်ကြီး ဒါမှမဟုတ်လည်း ကြီးမားတဲ့စစ်ပွဲကြီးတွေ လာမယ့်နှစ် ၂၀ အတွင်း ထပ်ပြီးရင်ဆိုင်ရလိမ့်မယ်"**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၂၂၈၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၂ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၁၆-၆-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၈-၆-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၅-၆-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၂၈၅)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၂)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၂၈)ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ် ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီအစားထိုးကုသခြင်း အောင်မြင်စွာဆောင်ရွက်

**ရန်ကုန် ဇွန် ၁၆**

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ပံ့ပိုးမှုများဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ နိုင်ငံတကာအဆင့်မီ ခုနစ်ထပ်ဆောင်သစ်၊ သွေးရောဂါအထူးကုဌာန၊ ခြင်ဆီအစားထိုးဌာန(Bone marrow Transplant Center) တွင် ၂၀၂၅ ခုနှစ် မေလအတွင်း၌ ခြင်ဆီကင်ဆာလူနာ သုံးဦးနှင့် သွေးပြန်ရည်ကျိတ်ကင်ဆာလူနာတစ်ဦး စုစုပေါင်း လူနာလေးဦးအား ခြင်ဆီအစားထိုးကုသခြင်း (Bone marrow Transplant) ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်းသိရသည်။

အဆိုပါ လူနာလေးဦးတွင် လူနာသုံးဦးမှာ ကျန်းမာရေးကောင်းမွန်သဖြင့် ဆေးရုံဆင်းခွင့်ရရှိပြီး ကျန်လူနာတစ်ဦးမှာလည်း ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း၊ ၎င်းမှာ သွေးပြန်ရည်ကျိတ်ကင်ဆာ (lymphoma) ရောဂါခံစားနေရသူဖြစ်ပြီး အေးခဲခြင်ဆီ(Cryopreservation) ပြုလုပ်၍ ခြင်ဆီအစားထိုးကုသမှု ပထမဆုံးဆောင်ရွက်ခဲ့သည့် လူနာဖြစ်ကြောင်း သိရသည်။

လူနာလေးဦးမှာ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ၄၆ နှစ်အရွယ် အမျိုးသမီးတစ်ဦး၊ မန္တလေးမြို့မှ ၆၅ နှစ်အရွယ် အမျိုးသားတစ်ဦး၊ ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်မှ ၅၇ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်မှ ၁၉ နှစ်အရွယ် အမျိုးသမီးတစ်ဦးတို့ဖြစ်ပြီး အဆိုပါ ခြင်ဆီအစားထိုးကုသခြင်း (Bone marrow Transplant) ကို ဆေးရုံအုပ်ချုပ်မှုအဖွဲ့၊ သွေးရောဂါအထူးကုဌာနမှ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများ၊ ဆက်စပ်ဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုကြီး/ငယ်များ၊ အထောက်အကူပြု ဝန်ထမ်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။



ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီအစားထိုးကုသခြင်းကို ၂၀၁၆ ခုနှစ်တွင် သုံးဦး၊ ၂၀၁၇ ခုနှစ်တွင် သုံးဦး၊ ၂၀၁၈ ခုနှစ်တွင် လေးဦး၊ ၂၀၁၉ ခုနှစ်တွင် တစ်ဦး၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်ဦး၊ ၂၀၂၄ ခုနှစ်တွင် သုံးဦး၊ ၂၀၂၅ ခုနှစ် ယခုအချိန်အထိ လေးဦး စုစုပေါင်း ၁၉ ဦးကို ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူများ ကျန်းမာရေး ကုန်ကျစရိတ်သက်သာစေရေးအတွက်ပြည်တွင်းမှာပင် ခြင်ဆီအစားထိုးကုသခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

◆ စာမျက်နှာ ၁၀ မှ

အချိန်တွေကို အများကြီးစောင့်မနေကြတော့ပါဘူး။ အရင်က တစ်ပါတီကနိုင်ရင် သူ့အရင်ပါတီလုပ်ခဲ့တာတွေဖျက်ပစ်တယ်။ နောက်တစ်ပါတီက ပြန်နိုင်ရင် သူ့အရင်ပါတီလုပ်တာ ဖျက်ပစ်တယ်။ ဘတစ်ပြန်ကျားတစ်ပြန်ပဲ။ အခုက ဖျက်ရုံတင်မဟုတ်ဘူး။ အမြစ်ပါလှန်၊ အစပါ ဖျောက်နေတဲ့သဘောတွေ မြင်နေရပါတယ်။

**ဥပဒေတွေကို လိုရာစွဲသုံးလာနေကြပါတယ်။ ကြိုတင်လက်ဦးမှုရယူ၊ အငြိုးတကြီး လုပ်ဆောင်မှုတွေပါ တွေ့လာနေရပါတယ်။ ပေဖြစ်တုန်းခံကြပြီး တူဖြစ်ရင် ထုကြတဲ့သဘောပါပဲ။ ထရမ့်က သူ့အရင် ဘိုင်ဒင်အစိုးရ ခန့်ထားခဲ့တဲ့ ဖက်ဒရယ်အစိုးရတာဝန်ရှိသူတွေကို ဖယ်ရှားရှင်းလင်းနေသလို ဂျာမနီမှာလည်း အာဏာရ အလယ်အလတ်ဝါဒီအစိုးရက ရွေးကောက်ပွဲမှာ ဒုတိယအများဆုံးနေရာရခဲ့တဲ့ လက်ယာစွန်း Afd ပါတီကို အစွန်းရောက်တံဆိပ်ကပ်ပြီး တားဆီးပိတ်ပင်ဖို့ ကြိုးစားနေတယ်။ နောက်ဆုံး အားလုံးပျက်သုဉ်းခြင်းဆီအထိ ရောက်သွားနိုင်တာပေါ့။ နောက်ဆုံးနိုင်ငံတွေဟာ စကားတွေသာ လှလှလေးပြောပြီး ကိုယ့်အကျိုးစီးပွားပဲ ကြည့်ကြတော့မှာပဲ။ ကိုယ်ရှင်သန်အောင်ပဲ ကြိုးစားကြတော့မှာပဲ။ လျှင်သူနိုင်စတမ်း၊ လည်သူစားစတမ်း ဖြစ်သွားတော့မှာပဲ။ လူ့အခွင့်အရေးတွေပြောရင် ထိုင်ရယ်နေကြလိမ့်မယ်။ မကွဲပြားအောင်လုပ်ရင်းကပဲ ကမ္ဘာကြီးက ပိုပြီးကွဲပြားသွားတယ်။ ဆက်လည်းကွဲပြားနေဦးမယ်။**

ဥပဒေတွေကို လိုရာစွဲသုံးလာနေကြပါတယ်။ ကြိုတင်လက်ဦးမှုရယူ၊ အငြိုးတကြီး လုပ်ဆောင်မှုတွေပါ တွေ့လာနေရပါတယ်။ ပေဖြစ်တုန်းခံကြပြီး တူဖြစ်ရင် ထုကြတဲ့သဘောပါပဲ။ ထရမ့်က သူ့အရင် ဘိုင်ဒင်အစိုးရ ခန့်ထားခဲ့တဲ့ ဖက်ဒရယ်အစိုးရတာဝန်ရှိသူတွေကို ဖယ်ရှားရှင်းလင်းနေသလို ဂျာမနီမှာလည်း အာဏာရ အလယ်အလတ်ဝါဒီအစိုးရက ရွေးကောက်ပွဲမှာ ဒုတိယအများဆုံးနေရာရခဲ့တဲ့ လက်ယာစွန်း Afd ပါတီကို အစွန်းရောက် တံဆိပ်ကပ်ပြီး တားဆီးပိတ်ပင်ဖို့ ကြိုးစားနေတယ်။ နောက်ဆုံး အားလုံးပျက်သုဉ်းခြင်းဆီအထိ ရောက်သွားနိုင်တာပေါ့။ နောက်ဆုံး နိုင်ငံတွေဟာ စကားတွေသာ လှလှလေးပြောပြီး ကိုယ့်အကျိုးစီးပွားပဲ ကြည့်ကြတော့မှာပဲ။ ကိုယ်ရှင်သန်အောင်ပဲ ကြိုးစားကြတော့မှာပဲ။ လျှင်သူနိုင်စတမ်း၊ လည်သူစားစတမ်း ဖြစ်သွားတော့မှာပဲ။ လူ့အခွင့်အရေးတွေပြောရင် ထိုင်ရယ်နေကြလိမ့်မယ်။ မကွဲပြားအောင် လုပ်ရင်းကပဲ ကမ္ဘာကြီးက ပိုပြီးကွဲပြားသွားတယ်။ ဆက်လည်း ကွဲပြားနေဦးမယ်

တစ်ချိန်တုန်းက စစ်အေးတိုက်ပွဲ (Cold War) ဆိုတာရှိခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၄၅ ခုနှစ်ကနေ ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲတဲ့ ၁၉၉၁ ခုနှစ်အထိ နှစ်ပေါင်း ၅၀ ကျော်ကြာမြင့်ခဲ့တယ်။ အဲဒီတုန်းက အနောက်နိုင်ငံတွေဟာ ပြိုင်ဘက် ဆိုဗီယက်ကွန်မြူနစ်တစ္ဆေကြောင့် ညီညွတ်ခဲ့ကြတယ်။ အဲဒီတုန်းက အနောက်နိုင်ငံတွေမှာလည်း သူ့ပြဿနာသူရှိနေပေမယ့် အချိန်ကြာတာနဲ့အမျှ တစ်ဖက်ပြိုင်ဘက် ဆိုဗီယက်ဟာ သူ့ပြဿနာနဲ့သူ လုံးချာလည်လိုက်ပြီး အားနည်းပြိုကွဲသွားခဲ့တယ်။ အခုအချိန်က အရင်လိုမဟုတ်တော့ပါဘူး။

ဆိုဗီယက်ကိုဆက်ခံတဲ့ ရုရှားတို့၊ အာရှက တရုတ်တို့က အချိန်ကြာတာနဲ့အမျှ အားအင်ပြည့်ဖြိုးလာနေပြီး လစ်ဘရယ်ကမ္ဘာဖြစ်တဲ့ အမေရိကန်နဲ့ ဥရောပက အားနည်းသလိုဖြစ်လာနေပါတယ်။ အင်အားကြီးနိုင်ငံတွေအကြား ပြဿနာတစ်ခုခုဖြစ်လာရင် ကြားဝင်ပေးနိုင်မယ့် အဖွဲ့အစည်းမရှိသလောက်ဖြစ်နေပါတယ်။

UN ဆိုတာလည်း အသံလောက်ပဲရှိပါတော့တယ်။ တုတ်စု၊ ဓားစု၊ လက်နက်စုနေကြတဲ့အချိန် ဖြစ်လာပါတယ်။ တုတ်ကိုင်၊ ဓားကိုင်၊ လက်နက်ကိုင်ပြီး စကားပြောကြတဲ့အခြေအနေ ဖြစ်လာနေပါတယ်။ စကားမပြောခင်ကတည်းက မင်းအဆင့်ကဘာ၊ ငါ့အဆင့်ကဘာဆိုတာ တင်ကြိုသတ်မှတ်တဲ့သဘောတွေ မြင်တွေ့လာနေရပါတယ်။ ကမ္ဘာကြီးဟာ ကွဲသည်ထက် ကွဲလာနေပါတယ်။ နောင်လည်း ဆက်ကွဲဖို့သာရှိပါကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

# စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်ကွက် ရတနာစေတီဆင်များရှင်စေတီတော်မြတ်ကြီး ဘက်စုံပြန်လည်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများအတွက် သြဝါဒခံယူ

**နေပြည်တော် ဇွန် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရတနာစေတီဆင်များရှင် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းနှင့် ပတ်သက်၍ လုပ်ငန်းကိစ္စများ ရှင်းလင်းလျှောက်ထားခြင်းနှင့် သြဝါဒခံယူခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ စေတီတော်ကြီး၏ ပရိဝုဏ်အတွင်း၌ ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ သောဌသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဂေါပကအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ တက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်၍ သြဝါဒါစရိယဆရာတော်များထံမှ ပရိတ်တရားတော်များနာယူကြပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရတနာစေတီဆင်များရှင် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက Power Point ဖြင့် ရှင်းလင်းလျှောက်ထားကြပြီး သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ သြဝါဒခံယူကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အား စက်ယန္တရားကြီးဖြင့် မြေသို့ပင့်ဆောင်နေမှုကို ကြည့်ရှု၍ စိန်ဖူးတော်ကြီးအား သီတဂူဆရာတော်ကြီးနှင့် သြဝါဒါစရိယ ဆရာတော်ကြီးများထံသို့ ဆက်ကပ်ပြီး ငှက်မြတ်နားတော်တွင်ပါရှိသော ရတနာပစ္စည်းများကို တာဝန်ရှိသူများထံ စနစ်တကျ ထိန်းသိမ်းထားရှိနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများ မန္တလေးတောင်တော် ဆုတောင်းပြည့်စေတီတော် ဘုရားရင်ပြင်တော် ပြန်လည်ပြုပြင်တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့်အဖွဲ့ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ အသောကာရာမကျောင်းတိုက်တွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇွန် ၁၆**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ ဆွမ်းဦးပုညရှင်စေတီနှင့် မဟာစေတီတို့တွင် ငလျင်ပြီးနောက် သာသနိကအဆောက်အအုံများအား ဘက်စုံပြန်လည် ပြုပြင်ရေးအခြေအနေများ၊ သကျစီတာ သီလရှင်စာသင်တိုက်နှင့် ရွှေစေတီပရိယတ္တိစာသင်တိုက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် ဖယ်ရှား ရှင်းလင်းနေမှုများ၊ အဆောက်အအုံ အပြိုအပျက်ကြားမှ ဆယ်တင်ရရှိသည့် ရိက္ခာဆန်များကို အမိုအကာအောက် ရောက်ရှိအောင် ရွှေ့ပြောင်းနေမှုအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဘေးဒဏ်သင့်လူနေအဆောက်အအုံများအား လူအင်အားနှင့် စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် ဖယ်ရှား ရှင်းလင်းနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်ပြီး စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးဒဏ်သင့် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများနှင့် တပ်မတော်ရေသန့်စက်ယာဉ်ဖြင့် ဧရာဝတီမြစ်ရေကိုသန့်စင်၍ သန့်ရှင်းသော သောက်သုံးရေများ ပေးဝေနိုင်ရေးနှင့် ပြည်သူများ သောက်သုံးရေပြည့်ပြည့်ဝဝ ဖြန့်ဝေနိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် ယနေ့တွင် မန္တလေးမြို့ နန်းမြို့အတွင်းရှိ နန်းမြို့ဆုတောင်းပြည့်ဘုရားသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နန်းမြို့ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၊ ကန္ဒကုဋီတိုက်၊ အာရုံခံတန်ဆောင်းနေရာများ၌ ရှေးမူမပျက် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ အောင်မြေသာစံမြို့နယ် မန္တလေးတောင်တော် ဆုတောင်းပြည့်စေတီတော်တွင် ရင်ပြင်တော် ပြန်လည် ပြုပြင်တည်ဆောက်နေမှုများကို လည်းကောင်း၊ ဂန္ဓကုဋီတိုက်ရှိ အမိုး၊ တိုင်၊ ခုံးနေရာများအား ရှေးမူမပျက် ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ဓာတ်လှေကားနှင့် စက်လှေကားများအား အမြန်ဆုံးပြန်လည် ပြုပြင်အသုံးပြုနိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ မြွေကြီးနှစ်ကောင်ဘုရားရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မြေသားထိန်းနံရံအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ တောင်ဘက်စောင်းတန်းရှိ ရှင်အရဟံသိမ်ဘုရား၊ စန္ဒာမုခိဆုတောင်းပြည့်ဘုရားများအား ရှေးမူမပျက် ပြန်လည်ပြုပြင်နေမှု အခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှင်းလင်းရန်ကျန် (A)ဆောင်အား စက်ယန္တရားကြီးများ အသုံးပြု၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကို လည်းကောင်း၊ လုပ်ငန်းခွင်အနီးရှိ ပစ္စည်းလက်ခံ/ထုတ်ပေးရေးအဖွဲ့ ယာယီရုံးတွင် ရှာဖွေတွေ့ရှိသော ပစ္စည်းများအား စနစ်တကျ ထိန်းသိမ်းထားရှိမှုနှင့် သက်ဆိုင်ရာ ပိုင်ရှင်အသီးသီးထံ စနစ်တကျ လွှဲပြောင်းပေးနိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် Sky Villa တွင် မတ် ၃၀ ရက်မှစ၍ ယနေ့အထိ အပျက်အစီးများ ဖယ်ရှားရှင်းလင်းစဉ် ရှာဖွေတွေ့ရှိရသော ငွေကျပ် ၉၁၆၇၄၄၇၀၀၊ ရွှေသားအလေးချိန် ၄ ပိဿာ ၁ ကျပ်သား၊ ရွှေထည်ပစ္စည်းနှင့် အခြားလက်ဝတ်ရတနာများအား ပိုင်ရှင်များထံ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်သို့ ရောက်ရှိပြီး ကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော တမ္ဗဝတီကျောင်းတိုက်၊ အောင်မြေကျောင်း၊ ပိဋကတ်တိုက်နှင့် အသောကာရာမ ကျောင်းတိုက်အတွင်းရှိ ကျီးသဲရွှေတောင်ကျောင်းနှင့် ကြာငါးခိုင်ရတနာကျောင်းများတွင် တပ်မတော်သားစစ်သည်များမှ အပျက်အစီးများအား အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




## အဲအိန္ဒိယလေယာဉ်မှ ပျံသန်းမှုအချက်အလက် မှတ်တမ်းတင်ကိရိယာများအား ရှာဖွေတွေ့ရှိ

**နယူးဒေလီ ဇွန် ၁၆**

ဇွန် ၁၂ ရက်က ပျက်ကျခဲ့သည့် အဲအိန္ဒိယ လေယာဉ်မှ ပျံသန်းမှုအချက်အလက်မှတ်တမ်းတင် ကိရိယာနှင့် လေယာဉ်မှူးခန်း အချက်အလက် မှတ်တမ်းတင်ကိရိယာတို့အား ရှာဖွေတွေ့ရှိခဲ့ကြောင်း အိန္ဒိယဝန်ကြီးချုပ်၏ အတွင်းဝန် ပီကေမီရှရာက ဇွန် ၁၅ ရက်တွင် ပြောကြားသည်။

လေယာဉ်ပျံသန်းမှု အချက်အလက် မှတ်တမ်းတင်ကိရိယာကို ဇွန် ၁၃ရက်တွင် ရှာဖွေတွေ့ရှိခဲ့ပြီး လေယာဉ်မတော်တဆမှုဆိုင်ရာ အစီရင်ခံစာကို သုံးလအတွင်း တင်သွင်းမည်ဟု အိန္ဒိယမြို့ပြလေကြောင်းဝန်ကြီး ရန်မိုဟန်နာဒူက ပြောကြားသည်။

၎င်းကိရိယာများမှ အချက်အလက်များကို ရယူရန် အချိန်လေးရက်မှ ငါးရက်ခန့်ကြာမြင့်မည်ဖြစ်ပြီး လေယာဉ်မတော်တဆမှု စုံစမ်းစစ်ဆေးရေးအတွက် နိုင်ငံတကာမှ အဖွဲ့အစည်းများက အိန္ဒိယ လေယာဉ်မတော်တဆမှု စုံစမ်းစစ်ဆေးရေးဗျူရိုအား အကူအညီပေးမည်ဟု သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

## လာအိုနိုင်ငံတွင် ကျေးလက်ဒေသနေပြည်သူများ၏ လူမှုဘဝ မြှင့်တင်ရန် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

**ဗီယင်ကျန်း ဇွန် ၁၆**

လာအိုနိုင်ငံတွင် ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝများ မြှင့်တင်ရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းချက်ထားရှိ ဆောင်ရွက်နေကြောင်း သိရသည်။

**ပြောကြား**

နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး လုပ်ငန်းအဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ လာအိုနိုင်ငံ၏ လူဦးရေအများစုသည် လယ်သမားများဖြစ်သည့်အတွက် ၎င်းတို့၏ လူမှုစီးပွားဘဝများ မြှင့်တင်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်နေကြောင်း လာအိုနိုင်ငံ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် သမဝါယမလုပ်ငန်းဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Anosack Phengthimmavong က ဆင်ဟွာသို့ ပြောကြားသည်။

စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုသည် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝများမြှင့်တင်ရန်နှင့် ဆင်းရဲမွဲတေမှု လျှော့ချရန်အတွက် အရေးကြီးကြောင်း ၎င်းက ပြောကြားသည်။

လယ်ယာကုန်ထုတ်စွမ်းအားကို မြှင့်တင်ခြင်းဖြင့် တောင်သူလယ်သမားများ ဝင်ငွေပိုကောင်းလာနိုင်ကြောင်း ၎င်းက ပြောကြားသည်။

မိမိတို့ကျေးရွာမှ ရွာသားများသည် စပါးသီးနှံများနှင့်အတူ ဟင်းသီးဟင်းရွက်များ ပိုမိုစိုက်ပျိုးနေကြပြီး သန့်ရှင်း၍ ရေရှည်တည်တံ့သော စိုက်ပျိုးရေးအလေ့အကျင့်များ ဖော်ဆောင်ရန် အာရုံစိုက်ဆောင်ရွက်နေကြသည်ဟု လာအိုမြို့တော် ဗီယင်ကျန်းမြို့ သဒ္ဒေါခမ်းကျေးရွာမှ လက်ထောက်ကျေးရွာအုပ်ချုပ်ရေးမှူး ခမ်မာဝမ်းခမ်းဖန်က ပြောသည်။

**စတင်ဆောင်ရွက်**

လာအိုအစိုးရ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ကြိုးပမ်းအားထုတ်မှုများကြောင့် လက်ရှိအချိန်တွင် ကျေးလက်ဒေသများရှိ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လယ်ယာထွက် ကုန်ထုတ်လုပ်မှု မြှင့်တင်ရေးအတွက် စီမံကိန်းများစွာကို စတင်ဆောင်ရွက်နိုင်ခဲ့ပြီး လူနေမှုအဆင့်အတန်းမြှင့်တင်ရေး၊ စိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ရေး၊ လယ်သမားများ၏ ဝင်ငွေတိုးပွားရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ကို ပံ့ပိုးပေးနိုင်ခဲ့ကြောင်း သိရသည်။

လာအိုအစိုးရ၏ ဆင်းရဲမွဲတေမှုလျှော့ချရေးကြိုးပမ်းမှုများကို ထောက်ခံကြောင်းနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သွားရန် အရေးကြီးသည်ဟု ယူဆကြောင်း ဗီယင်ကျန်းဒေသခံ တစ်ဦးဖြစ်သည့် သီဒီလက်က ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

## အင်ဒိုနီးရှားနိုင်ငံ ဘာလီဒေသတွင် ပလတ်စတစ်အမှိုက်ကင်းစင်ရေး ဆောင်ရွက်

**ဂျကာတာ ဇွန် ၁၆**

အင်ဒိုနီးရှားနိုင်ငံရှိ ကမ္ဘာလှည့်ခရီးသွားများ လာရောက်ရာ ဘာလီဒေသတွင် ၂၀၂၇ ခုနှစ်မှ စတင်၍ ပလတ်စတစ်အမှိုက်ကင်းစင်ရေး ရည်မှန်းချက်ထားရှိ ဆောင်ရွက်နေကြောင်း ဘာလီပြည်နယ် သဘာဝပတ်ဝန်းကျင်နှင့် သစ်တောလုပ်ငန်းဌာန အကြီးအကဲ အိုင်မိတ်ရန်တင်က ဇွန် ၁၆ ရက်တွင် ပြောကြားသည်။

**ပြောကြား**

ဘာလီဒေသတွင် စွန့်ပစ်အမှိုက်များ စီမံခန့်ခွဲရေးလုပ်ငန်းကို ဦးစားပေးအစီအစဉ်အဖြစ် သတ်မှတ်ထားသောကြောင့် ၎င်းလုပ်ငန်း အောင်မြင်စေရေးအတွက် လူမှုအသိုက်အဝန်း တစ်ရပ်လုံး ပါဝင်ဆောင်ရွက်ရန် အရေးကြီးကြောင်း ၎င်းက ပြောကြားသည်။

လာမည့်နှစ်နှစ်အတွင်း ဘာလီဒေသတွင် ပလတ်စတစ်အမှိုက်ကင်းစင်ရေး ရည်မှန်းချက် အောင်မြင်စေရေး အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုဖြင့် စည်းကမ်းတကျ ထိန်းသိမ်း ဆောင်ရွက်ရန် အရေးကြီးကြောင်း ၎င်းက ပြောကြားသည်။

ဘာလီဒေသတွင် ပလတ်စတစ်ညမ်းညမ်းမှု လျှော့ချရေးအတွက် ပလတ်စတစ် စွန့်ပစ်ပစ္စည်းပြန်လည်အသုံးချမှုဆိုင်ရာ အရင်းအမြစ်ချို့တဲ့သော ရွာများအား ၎င်းအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် တာဝန်ရှိသူများက ညွှန်ကြားထားကြောင်း သိရသည်။ ဘာလီဒေသတွင် ပလတ်စတစ်အမှိုက်ကင်းစင်ရေးအတွက် အသိပညာများမျှဝေကြရန် တာဝန်ရှိသူများအား ၎င်းက ညွှန်ကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ



## ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ရေကြီးရေလျှံမှုဖြစ်ပွား

**ကင်ရှာဆာ ဇွန် ၁၆**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ မြို့တော်ကင်ရှာဆာတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားပြီး လက်ရှိအချိန်အထိ ဒေသခံ ၂၉ ဦးသေဆုံးကြောင်း တာဝန်ရှိသူများက ဇွန် ၁၆ ရက်တွင် ပြောကြားသည်။



မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကင်ရှာဆာရှိ လမ်းများတွင် ရေကြီးရေလျှံမှုများဖြစ်ပွားကာ လျှပ်စစ်နှင့် ရေပြတ်တောက်ခြင်းအပြင် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီး ဒေသခံများအား သဘာဝဘေးကာကွယ်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ကြရန် ကင်ရှာဆာမြို့တော်ဝန် ဒယ်နီယယ်ဗန်ဗာက ပြောကြားသည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်း ခြောက်သွေ့ရာသီ ရောက်ရှိနေသော်လည်း မိုးရေချိန် ၉၀ မီလီမီတာအထိ ရွာသွန်းနေမှုကြောင်း လာမည့်ရက်များအတွင်း ကင်ရှာဆာတွင် ထိခိုက်မှုအများအပြားရှိလာနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ
■

## ဩစတြေးလျနိုင်ငံသား တစ်ဦးအား ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုအတွက် အရေးယူ

**ဆစ်ဒနီ ဇွန် ၁၆**

ဩစတြေးလျနိုင်ငံသား တစ်ဦးအား ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုအတွက် အရေးယူခဲ့ကြောင်း သိရသည်။

အသက် ခုနစ်လသားအရွယ်ရှိ ကလေးတစ်ဦး တုံ့ပြန်မှုမရှိသည့် အခြေအနေဖြင့် ဆေးရုံသို့ရောက်ရှိနေကြောင်း သတင်းရရှိခဲ့ပြီးနောက် မတ် ၅ ရက်တွင် ကွင်းစလန်းပြည်နယ်ရဲတပ်ဖွဲ့ ကလေးစောင့်ရှောက်ရေးဌာနက စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာမှ ဘရစ်ဘိမ်းမြို့ရှိ အသက် ၂၇ နှစ်အရွယ် ဒေသခံတစ်ဦးအား ကလေးညှဉ်းပန်းနှိပ်စက်မှု တစ်မှုနှင့် အပြင်းအထန်နာကျင်စေမှု သုံးမှုဖြင့် စွဲချက်တင်နိုင်ခဲ့သည်။

နိုင်ငံသားများအနေဖြင့် မိမိတို့၏ ပတ်ဝန်းကျင်တွင် ကလေးများအား ညှဉ်းပန်းနှိပ်စက်သူများအား တွေ့ရှိရပါက တာဝန်ရှိသူများထံ သတင်းပို့ရန် ရဲတပ်ဖွဲ့က ပြောကြားသည်။ ယခုကိစ္စတွင် ပြစ်မှုထင်ရှားပါက တရားခံသည် ထောင်ဒဏ် ၁၄ နှစ် ကျခံရမည်ဖြစ်သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပါကစ္စတန်နိုင်ငံသား ၁၆ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်



**နေပြည်တော် ဇွန် ၁၆**

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒစ်ဂျစ်တယ်ရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိပြီး အဆိုပါ လုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒစ်ဂျစ်တယ်ရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပါကစ္စတန်နိုင်ငံသား ၁၆ ဦးအား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာ ထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင့်လွှဲပြောင်းပေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက အဆိုပါ လွှဲပြောင်းပေးအပ်မည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိစေရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် အချက်အလက် အထောက်အထား စာရင်းဇယားများ မှန်ကန်ပြည့်စုံစွာ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ Counsellor Mr.Muhammad Asif နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ ဇွန် ၁၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၃၄ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၇၇၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၆၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မင်္ဂလာတောင်ညွန့်နှင့် ရွှေပြည်သာမြို့နယ်တို့၌ ငွေကျပ်သိန်း ၆၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၅ သိန်း သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၆**

မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့တွင် ငွေကျပ်သိန်း ၆၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၅ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်ဘူတာကြီးရှေ့တွင် သတင်းအရ အောင်သန်း(ခ)ကျော်သန်း၊ ကျော်နိုင်နှင့် သန်းလွင်တို့ သုံးဦး သယ်ဆောင်လာသည့် စက္ကူဂျပ်ဖာပုံးအား စစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၄ သိန်း သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်အရ ရွှေပြည်သာမြို့နယ် (၂၀)ရပ်ကွက် မြောင်းမြ(၆)လမ်းရှိ ကျော်နိုင်၏ နေအိမ်ကို ယင်းနေ့ ညနေ ၄ နာရီခွဲတွင် ဆက်လက်ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၅ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့ပြီး စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ် သိန်း ၆၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၅ သိန်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ သုံးဦးကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက် ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၆-၂၀၂၅ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ရတနသုတ်၊ တောရှုဂ်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ လေ့လာစရာစုံလင်အမိမြန်ပြည်တစ်ခွင် 'ရောက်ခဲ့လေသမျှ သူ့ဒေသ သူ့အလှ'
- ၀၉:၄၀ Sports Diary
- ၁၀:၃၅ အနာဂတ်ဘဝ လုပပိုဆေးလိပ်ဖြတ်ကြစို့
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပုသားနောက်တွယ်' (အပိုင်း-၁၀)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၄၆)
- ၁၅:၀၀ မျိုးဝှက်တင့်စေဆိုကရေးတီးအငွေ
- ၁၅:၃၀ Weekly MNL Review
- ၁၆:၄၀ ရာသီတုပ်ကွေးရောဂါနှင့်ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေးအသိပညာပေး ဆွေးနွေးပွဲ(အပိုင်း-၁)
- ၁၇:၁၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၇:၃၅ မရှိ၍မလင်းသူမရှိစေလို စကျအလင်းတို့ပေးလို့လှူ
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားပွဲ' (အပိုင်း-၂၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၂၅ မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး (၇၅)နှစ်ပြည့် အထိမ်းအမှတ် အစီအစဉ် The Great Wall 'သမိုင်းဝင်ယဉ်ကျေးမှု' (အပိုင်း-၅)
- ၂၂:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လှုပ်ရှမ်းတောင်းများခေတ်' (အပိုင်း-၃၀)

### mitv

- 07:02 Evergreen Classic: Dhamma Set Taw (Sein Lei Lei)
- 07:08 Dhammayangyi Temple
- 07:25 Ecotourism: The Famous Zalon Mountain
- 07:41 Clay Art On Canvas: Ricky Zachariah
- 08:31 The Largest Nunnery In Myanmar
- 09:01 Centenary of Yangon University: International Relations Dept. (Part 1)
- 09:26 Yay Pyan Taung Waterfall
- 09:48 Read me a Book
- 10:27 Lifestyle & Entertainment

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားတေးသီချင်း၊အက(ကရင်)
- ၀၆:၄၅ မြန်မာသံစဉ်တေးများ
- ၀၇:၀၅ မြန်မာဇာတ်လမ်းတွဲ 'လက်ဆောင်' (အပိုင်း-၁)
- ၀၇:၄၀ စတီရီယိုတေးများ
- ၀၈:၂၀ ဟိုတုန်းကရေဒီယိုဇာတ်လမ်းများ 'ချစ်ရာငရဲကပါလေ'
- ၀၉:၁၅ ကာတွန်း 'ဗိုးကောင်ကြီးဥယျာဉ်စွန့်တားခန်း' (အပိုင်း-၂၁)
- ၀၉:၄၀ စတီရီယိုတေးများ
- ၁၀:၀၀ မြန်မာရုပ်ရှင် (ဆေးရောင်စုံ) 'နှလုံးသားရာဇဝင်မှာ စာတင်တဲ့အလွမ်း'

### MRTV NRC

- **ကယား (၀၆:၀၀ မှ ၀၈:၀၀)** ရင်ထဲကရိုးရာ(ဇာတ်လမ်းတို)
- **ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)** ထူးဆန်းဖွေရှာစလေ့ရိုးရာ (ကရင်ရိုးရာတူရိယာများအကြောင်း)
- **အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)** လုပ်ငန်းခွဲပါလေအေးဒါင်းပြုပြေ
- **အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)** မုန့်ဖိုင်းတောင့်လုပ်စားကြရအောင်
- **ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)** သင်မယ်၊ ရေးမယ်တို့ချင်းစာ(အပိုင်း-၃၃)
- **ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)** ချင်းရိုးရာခေါင်
- **မွန် (၁၃:၀၀ မှ ၁၅:၀၀)** အပန်းဖြေကြမည်သဘာဝကျောက်ပန်းချီကမ်းခြေဆီ
- **ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)** ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၇)
- **ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)** ရှမ်းရိုးရာကင်ပေါင်းကြော်လုပ်နည်း
- **ဝ (၁၉:၀၀ မှ ၂၁:၀၀)** ဟိုပန်မြို့သို့အလည်တစ်ခေါက်
- **ကချင် (၂၁:၀၀ မှ ၂၃:၀၀)** အမိမြန်မာပြည်မြောက်ဖျားစွန်းဘက်က ရေခဲတောင်ရှိရာဆီ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၄၅ Save Our Planet Program
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ကိုရီးယားနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဝင်ကာပူနိုင်ငံ'
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဂျပန်နိုင်ငံ'
- ၁၁:၀၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၈၁)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ နိုင်ငံ့စီးပွားတိုးတက်စေဖို့ MSME လုပ်ငန်း တက်ညီလက်ညီဆောင်ရွက်စို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Agriculture in India
- ၁၉:၀၀ Day in the Life of a Small Farm-2
- ၂၀:၀၀ အရိပ်ပမာ(ဇာတ်လမ်း)
- ၂၂:၀၀ Jingle Jangle A Christmas journey (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၅၀ Sports Diary
- ၁၇:၀၀ အားကစားသတင်း
- ၂၀:၀၀ FIFA MFF U-19 Youth League (Replay) (Winner Soccer Vs FFU Minmahaw)

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သည့် ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု (မွမ်းမံ) သင်တန်းဆင်းပွဲ ကျင်းပ



မကွေး ဇွန် ၁၆

မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သည့် ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု (မွမ်းမံ) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူးက ဆောင်ရွက်ခဲ့သည့် စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ထူးချွန်သင်တန်းသား သင်တန်းသူများအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံ သီးနှံ အခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းအခြေခံကို ဇွန် ၂ ရက်မှ ၈ ရက် အထိလည်းကောင်း၊ မွမ်းမံသင်တန်းကို ဇွန် ၁၀ ရက်မှ ၁၆ ရက်အထိလည်းကောင်း ဌာနမှ သင်တန်းနည်းပြများသာမက ပြင်ပမှပညာရှင်များပါ ဖိတ်ကြား၍ မုန့်လုပ်နည်းသင်တန်းများ သင်ကြားပို့ချခဲ့ပြီး သင်းတန်းသား သင်တန်းသူ ၁၅ ဦးထဲမှ ထူးချွန်သူငါးဦးအား စိစစ်ရွေးချယ်၍ လိုအပ်သည့်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေး ကွင်းဆင်းကြည့်ရှုအားပေး

ဘားအံ ဇွန် ၁၆

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် လှိုင်းဘွဲ့မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းကြည့်ရှုအားပေးကြသည်။



ဦးစွာ လှိုင်းဘွဲ့မြို့နယ် သမ္ဘာန်ကျေးရွာ တောင်သူ ဦးလှဝင်း၏ စပါးစိုက်ခင်းအတွင်း ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန၊ အမှတ် (၂၀) စက်မှုလယ်ယာစခန်း (ဘားအံ)၏ Kubota 50 ထွန်စက်ကြီး သုံးစီးဖြင့် မိုးစပါးစိုက်ပျိုးရန် မြေယာပြုပြင်ခြင်း၊ Kubota ခြောက်တန်းသွား ကောက်စိုက်စက်နှစ်စီးဖြင့် မိုးစပါးစိုက်ပျိုးခြင်း၊ ကြားပေါင်းလိုက်ကိရိယာ ၁၃ စီးဖြင့် စိုက်ပျိုးပြီး မိုးစပါးစိုက်ခင်းများအတွင်းကြားပေါင်းလိုက်ခြင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာကို အချိုးကျရောစပ်၍ ကြဲပက် ကွင်းသရုပ်ပြခြင်းကို ထီလုံ၊ သမ္ဘာန်၊ နောင်သင့်၊ သပုထို ကျေးရွာများမှ တောင်သူများနှင့်အတူ ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လှိုင်းဘွဲ့မြို့နယ် သမ္ဘာန်ကျေးရွာအုပ်စု ရွာသာအေး မွေးမြူရေးဇုန် ရှင်းလင်းဆောင်၌ မွေးမြူတောင်သူများနှင့်တွေ့ဆုံ၍ ဒေသတွင်း စားရေရိက္ခာဖူလုံပိုလျှံရေး ဇုန်အတွင်း ဝက်နှင့်ကြက် တိုးချဲ့မွေးမြူထုတ်လုပ်နိုင်ရေး စီမံချက်ရေးဆွဲတင်ပြရန် တာဝန်ရှိသူများအား မှာကြားကာ မွေးမြူရေးတောင်သူများအား တိရစ္ဆာန်သုံးဆေးဝါးများနှင့် အာဟာရဆားခဲများကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ရွာသာအေး မွေးမြူရေးဇုန်အတွင်းရှိ တောင်သူ ဦးစိုးခိုင်ဦး၏ ဒေသန္တားမွေးမြူရေးခြံ၊ တောင်သူ ဦးကျောက်သန်း၏ အသားတိုးဝက် မွေးမြူရေးခြံ၊ တောင်သူ ဦးညွန့်စိန်၏ ဥစားကြက်ခြံတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# ရေကြည်မြို့နယ်၌ အမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်ရေး အသိပညာပေး

ရေကြည် ဇွန် ၁၆

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးရှေ့၊ အထက(၂)မြို့မကျောင်းရှေ့နှင့် မူလတန်းကြိုကျောင်းရှေ့တို့တွင် ယနေ့နံနက် ၉ နာရီက အမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်ရေး အသိပညာပေးခြင်းနှင့် သရုပ်ပြခြင်းကို ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေလင်းနိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပြီး ပြည်သူများအား စွန့်ပစ်အမှိုက်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

ထို့ပြင် မြို့နယ်အတွင်းရှိ ပြည်သူများ၊ ဈေးရောင်းဈေးဝယ်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ဘေးအန္တရာယ်ရှိအမှိုက်၊ အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်စသည့် အမှိုက်များအား အမှိုက်ပုံးလေးပုံးထားရှိပြီး စနစ်တကျ ခွဲခြားစွန့်ပစ်တတ်စေရန် အသိပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



# မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ပန်ဆောင် ဇွန် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် ပန်ဆောင်မြို့တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နောင်ယန်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့အုပ်ချုပ်ရေးမှူး ဦးယိန်းဝါးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာတင်ဦးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ခွင့်ပြုရန်ပုံငွေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ဒါခေါ်ယူဆောင်ရွက်ကြရန်၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ ဖြေဆိုနိုင်ရေး ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် သက်ဆိုင်ရာဌာနများက မိမိတို့ဌာနအလိုက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဒေသဖွံ့ဖြိုးရေး ကိုယ့်မြို့ကိုယ့်ရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို တင်ပြကြပြီး တင်ပြမှုများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ဂျာယော်(ပန်ဆောင်)

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဇွန် ၁၆

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးထစ်ချုန်းပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ မိုး/ဇလ

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ဘော်လီဘော ဗိုလ်လုပွဲကြည့်ရှုအားပေး

**တောင်ကြီး ဇွန် ၁၆**

မြန်မာ့လက်ရွေးစင် ပဏာမအသင်းများနှင့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ညွှန့်ပေါင်း လက်ရွေးစင်အသင်းတို့၏ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေပိုင်းက တောင်ကြီးမြို့ ပြည်နယ်အားကစားလေ့ကျင့်ရုံ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တောင်ကြီးပညာရေး ဒီဂရီကောလိပ်မှ သင်တန်းသား သင်တန်းသူများ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများ၊ အားကစားသိပ္ပံ (တောင်ကြီး) မှ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ၊ အားကစား ဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။



**အနိုင်ရရှိ**

ဦးစွာ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ညွှန့်ပေါင်းလက်ရွေးစင် (က)အသင်းနှင့် (ခ) အသင်း တို့ ယှဉ်ပြိုင်ကစားကြရာ (ခ) အသင်းက သုံးပွဲပြတ် ဖြင့်လည်းကောင်း၊ မြန်မာ့လက်ရွေးစင် ပဏာမ (က) အသင်းနှင့် (ခ) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ (က) အသင်းက သုံးပွဲနှစ်ပွဲဖြင့်လည်းကောင်း အနိုင် ရရှိသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ တာဝန်ရှိသူ များက ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးကြသော ဒိုင်လူကြီးများအား ဂုဏ်ပြုဆုငွေကျပ် လေးသိန်း၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့က ထပ်ဆင့်ချီးမြှင့် ငွေကျပ် ၁၀ သိန်း၊ နည်းပြ အဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေကျပ် လေးသိန်းချီးမြှင့် ကြသည်။

ယင်းနောက် တာဝန်ရှိသူများက နေရာအလိုက် အကောင်းဆုံးအားကစားသမားဆု၊ စတုတ္ထဆု၊ တတိယဆုနှင့် ဒုတိယဆုရရှိကြသူများနှင့် အသင်း တို့အား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့် ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရရှိသော မြန်မာ့လက်ရွေးစင်ပဏာမ (က) အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသား ဆုငွေကျပ်သိန်း ၄၀ နှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ရှမ်းပြည်နယ်သမဝါယမ စာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း၌ ကျင်းပသည့် သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်း (တောင်ကြီး)၏ စတုတ္ထအကြိမ် မြောက် သင်တန်းဖွင့်ပွဲနှင့် ဒုတိယအကြိမ်မြောက် သင်တန်းသား သင်တန်းသူများအား အောင်လက်မှတ် ပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး သမဝါယမကောလိပ်သို့ ပေါင်းကူးတက်ရောက်ခွင့်ရ သော သင်တန်းသား သင်တန်းသူများနှင့် ဒုတိယအကြိမ် မြောက် သင်တန်းမှ သင်တန်းသား သင်တန်းသူများ အတွက် အောင်လက်မှတ်၊ ချီးမြှင့်ငွေနှင့် ဆန်အိတ်များ ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**



# ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ပြေး၊ ခုန်၊ ပစ် ပြိုင်ပွဲဆုပေးပွဲပြုလုပ်

**နေပြည်တော် ဇွန် ၁၆**

၂၀၂၅ ခုနှစ် ကာကွယ်ရေး ဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် ဧရာဝတီ ရေတပ်စခန်းဌာနချုပ် သီဟသူရ ထွန်းတင်ခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ် (ရေ) ကိုယ်စား နယ်မြေခံရေတပ် ကွပ်ကဲမှုဌာနချုပ် ကွပ်ကဲမှုဌာန ချုပ်မှူး ဗိုလ်မှူးချုပ် သိန်းထူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက် ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ် (ရေ) ကိုယ်စား ရေတပ်ကွပ်ကဲမှု ဌာနချုပ်မှူးက အမှာစကား ပြောကြားသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တံခွန်စိုက်ဒိုင်း ဆုရရှိသည့် ဧရာဝတီ ရေတပ်စခန်းဌာနချုပ် အသင်းအား ကာကွယ်ရေးဦးစီးချုပ် (ရေ) ကိုယ်စား ရေတပ်ကွပ်ကဲမှု ဌာနချုပ်မှူးက လည်းကောင်း၊ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိ သူများအား တာဝန်ရှိသူများက လည်းကောင်း ဆုများပေးအပ် ချီးမြှင့်ကြသည်။

အဆိုပါ ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကွပ်ကဲမှုအောက် ရေတပ်စခန်း ဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်းဖြင့် ဇွန် ၁၅ ရက်မှ ယနေ့အထိ ပြုလုပ်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။ **သတင်းစဉ်**

## အားကစားမြင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့်
### ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၆-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၅၀ | ၂၉၆၀ | ၂၉၃၀ | ၂၈၆၅ | ၂၉၇၀ | ၂၉၈၅ | ၃၀၀၀ | ၂၉၂၀ | ၄၅၀၅ | ၃၂၁၅ | ၂၉၃၅ | ၂၉၄၀ | ၃၀၁၀ | ၂၉၇၅ | ၂၉၉၅ | ၃၂၅၀ |
| 95 Ron | ၂၉၁၅ | ၃၀၃၀ | ၂၉၉၅ | ၂၉၃၀ | ၃၀၃၅ | ၃၀၅၀ | ၃၀၇၀ | ၂၉၈၅ | ၄၅၆၀ | ၃၂၈၀ | ၃၀၀၅ | ၃၀၀၅ | ၃၀၇၅ | ၃၀၄၀ | ၃၀၆၀ | ၃၃၂၀ |
| HSD (500 ppm) | ၂၄၁၀ | ၂၅၁၅ | ၂၄၉၀ | ၂၄၁၅ | ၂၅၃၀ | ၂၅၄၅ | ၂၅၆၀ | ၂၄၀၀ | - | ၂၇၇၅ | ၂၅၀၀ | ၂၅၀၀ | ၂၅၇၀ | ၂၅၃၅ | ၂၅၅၅ | ၂၈၁၅ |
| HSD (50 ppm) | ၂၉၉၀ | ၃၁၀၅ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | ၄၈၃၀ | ၃၃၅၅ | ၃၀၈၀ | ၃၀၈၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၅ |
| HSD (10 ppm) | ၂၉၉၀ | ၃၁၀၅ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | - | ၃၃၅၅ | ၃၀၈၀ | ၃၀၈၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၈၄ | ၂၇၇၁ |
| 95 Ron | ၂၇၄၉ | ၂၈၃၇ |
| HSD (500 ppm) | ၂၂၅၉ | ၂၃၃၄ |
| HSD (50 ppm) | ၂၈၂၁ | ၂၉၀၇ |
| HSD (10 ppm) | ၂၈၂၁ | ၂၉၀၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# လေးမျက်နှာမြို့၌ ဆန်နှင့် စားအုန်းဆီများကို ဈေးနှုန်းသက်သာစွာရောင်းချပေး

**လေးမျက်နှာ ဇွန် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်တွင် ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးကော်မတီမှ ပြည်သူများအား ဈေးနှုန်းသက်သာစွာဖြင့် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်နှင့် စားအုန်းဆီများကို ယနေ့နံနက်ပိုင်းက ဗိုလ်ချုပ်လမ်းဆုံတွင် ရောင်းချ ပေးခဲ့သည်။

ဆန်နှင့် စားအုန်းဆီများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနေမှုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်သူရစိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲထွန်းဦး၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးအောင်သန်းဌေးနှင့် အင်္ဂပူမြို့ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူ တို့က ကြည့်ရှု၍ လိုအပ်သည်များအား ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်အတွင်း ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးအတွက် အခြေခံစားသောက်ကုန် ဆင်းသုခဆန်တစ်ပြည် ကျပ် ၂၀၀၀၊ ဆီ တစ်ပိဿာ ကျပ် ၇၀၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ချောက်မြို့နယ်၌ သဘာဝဘေးအန္တရာယ်ကျရောက်ပါက အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်နိုင်ရန် ရေဘေးဇာတ်တိုက်လေ့ကျင့်

ချောက် ဇွန် ၁၆

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အထိရောက်ဆုံးနှင့် အမြန်ဆုံးကယ်ဆယ်ရေး



လုပ်ငန်းများကို တုံ့ပြန်ဆောင်ရွက်ပေးနိုင်ရန်၊ ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် အရေးပေါ်ပြုစုခြင်းလုပ်ငန်းများ ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ရွှေ့ပြောင်းပေးခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံ ခန့်ခွဲမှုဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ဌာနဆိုင်ရာတို့ ပူးပေါင်း၍ ရေဘေးဇာတ်တိုက်လေ့ကျင့်မှုများကို ယနေ့နံနက် ၉ နာရီက အမှတ် (၇) ရပ်ကွက် ရွာဟောင်းရပ် ဧရာဝတီမြစ်ဆိပ်ကမ်းရှိ လူနေအိမ်များတွင် ဆောင်ရွက်သည်။

**ပါဝင်ဆောင်ရွက်**

အဆိုပါ သရုပ်ပြဇာတ်တိုက်လေ့ကျင့်ရာနေရာသို့ မြို့နယ်ဌာန ဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ စုစုပေါင်း ၁၃၅ ဦး ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

# သမဝါယမကောလိပ်(မန္တလေး) (၃၁) နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပ

ပုသိမ်ကြီး ဇွန် ၁၆

သမဝါယမကောလိပ်(မန္တလေး)၏ (၃၁)နှစ်ပြည့် အထိမ်းအမှတ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကောလိပ် ရန်ကင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ် ပဓာန ဆရာတော် ဘဒ္ဒန္တ ဇောတိကထိမှ အနုမောဒနာတရားနာယူ၍ သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူပြီး ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ဖိတ်ကြားထားသောဧည့်သည်များ၊ ကျောင်းသား ကျောင်းသူများက ဆရာတော်နှင့်တကွ ရန်ကင်းတောင်ခြေ ဥယျာဉ်ပရိယတ္တိစာသင်တိုက်ရှိ ပင့်သံဃာများအား စာရေးတံမဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ဖိနပ်လုပ်ငန်းရှင်များအဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံလုံးဆိုင်ရာMSME Cluster ဖိနပ်လုပ်ငန်းရှင်များအဖွဲ့၏ တိုင်းဒေသကြီးနှင့် ပြည်နယ်လုံးဆိုင်ရာ အစည်းအဝေးကို ဇွန် ၁၄ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ အဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။

**ဆွေးနွေး**

အစည်းအဝေးတွင် စက်မှုကြီးကြပ်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ကျော်ညွန့်နှင့်အဖွဲ့ဥက္ကဋ္ဌ ဦးကံညွန့်တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် တွဲဖက်အတွင်းရေးမှူး ဦးဝင်းမင်းကျော်က ယခင်အစည်းအဝေးတွင် ချမှတ်ထားသည့် လုပ်ငန်းဆပ်ကော်မတီများ၏ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် အသင်းသူ အသင်းသားများက အသင်း၏လိုအပ်ချက်နှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆွေးနွေးကြသည်။

ဖိနပ်လုပ်ငန်းနှင့် ပတ်သက်၍ သွယ်ဝိုက်ဆက်စပ်သည့် လုပ်ငန်းများစွာရှိပြီး တစ်နိုင်တစ်ပိုင်လုပ်ကိုင်နိုင်ကာ အလုပ်အကိုင်



အခွင့်အလမ်းများစွာ ရရှိနိုင်သည့်အတွက် ပြည်တွင်းဖြစ် ဖိနပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းဖြစ်ဖိနပ်များကို အားပေးကြစေလိုကြောင်း အဆိုပါအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ဖိနပ်လုပ်ငန်းရှင်များ MSME Cluster အဖွဲ့ကို ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် ဖွဲ့စည်းခဲ့ပြီး မှတ်ပုံတင်ထားသည့် အသင်းသား အသင်းသူ ၉၀၀၀ ကျော်ရှိကြောင်း သိရသည်။

**ကျော်ကြီး**

# သရုပ်ဆောင်သစ်များ ပေါ်ထွက်စေရေး ရုပ်ရှင်သရုပ်ဆောင်သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကြီးမှူးဖွင့်လှစ်သည့် ရုပ်ရှင်သရုပ်ဆောင်သင်တန်း (၁ / ၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၉ နာရီက ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရွှေရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းဆရာ ဒါရိုက်တာ ဦးဟိန်းစိုးက ရုပ်ရှင်သရုပ်ဆောင်သင်တန်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဝါရင့်သရုပ်ဆောင်များက အချိန်ပိုင်းဝင်ရောက် သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတွင် ကင်မရာပိုင်းနှင့် သရုပ်ဆောင်ပိုင်း၊ နိုင်ငံတကာနည်းစနစ်များ၊ အခြေခံအဆင့် အသံပိုင်းဆိုင်ရာများ ပါဝင်မည်ဖြစ်သည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌဦးအေးကြူလေးက သရုပ်ဆောင်သစ်များ ပေါ်ထွက်စေရေးရည်ရွယ်ချက်ဖြင့် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်းနှင့် မည်သူမဆိုတက်ရောက်နိုင်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြဆရာများအဖြစ် ဒါရိုက်တာ ဟိန်းစိုး၊ ဒါရိုက်တာမောင်သီ၊ သရုပ်ဆောင် ဒါရိုက်တာ ထူးသာနှင့် ဝါရင့်သရုပ်ဆောင်များပါဝင်ကြသည်။ သင်တန်းကာလမှာ သုံးလကြာမြင့်ပြီး သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြကြောင်း သိရသည်။ **မျိုးမင်းသူရ**

# ကျောက်တန်းမြို့နယ် ကြံပင်ကျေးရွာ၌ လူသုံးကုန်ပစ္စည်းပြုလုပ်နည်းသင်တန်းဖွင့်ပွဲ ကျင်းပ

ကျောက်တန်း ဇွန် ၁၆

ရန်ကုန်တိုင်း ဒေသကြီး ကျောက်တန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစု ဝင်ငွေတိုးပွားစေရန်အတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ပစ္စည်းပြုလုပ်နည်း သင်တန်းဖွင့်ပွဲ



ကို ဇွန် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ သန်လျင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းအေးက အဖွင့်အမှာစကားပြောကြားပြီး ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ်က လူသုံးကုန်ပစ္စည်း ပြုလုပ်နည်း သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြ ဆရာမက သင်တန်းတွင် သင်ကြားမည့် ဘာသာရပ်များနှင့် သင်တန်းသူများလိုက်နာရန် စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၁၆ ရက်မှ ၂၀ ရက်ထိ ၅ ရက်ကြာ စာတွေ့လက်တွေ့ဖြင့် အခမဲ့ သင်ကြား ပို့ချသွားမည်ဖြစ်ပြီး ကြံပင်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိကျေးရွာများမှ သင်တန်းသူ ၂၀ တက်ရောက်သင်ယူမည်ဖြစ်ကြောင်း ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဖြိုးကျော်(ပုံတောင်မြေ)**

**❖ ကျောဖုံးမှ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊





မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**



## ကြက်ဟင်းခါးသီး စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မန္တလေး ဇွန် ၁၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ငရုတ်စသည့် သီးနှံမျိုးစုံ စိုက်ပျိုးကြသည့်အပြင် ကြက်ဟင်းခါးသီးနှံကိုလည်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြရာမှ စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။

ကြက်ဟင်းခါးသီးကို ရာသီမရွေးစိုက်ပျိုးနိုင်၍ စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် ခူးဆွတ်ရောင်းချရကြောင်း၊ ဗိုလ်တစ်ထောင် ကြက်ဟင်းခါးမျိုးများကို စိုက်ပျိုးရာတွင် မျိုးစေ့ကို ပျိုးထောင်၍ ပျိုးပင် ၂၀ ရက်သားခန့်အရွယ်တွင် မြေချစိုက်ပျိုးရကြောင်း၊ မျိုး၊ မြေပြင်ခြင်း၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် ရှစ်သိန်းခန့် ကုန်ကျကြောင်း၊ ကြက်ဟင်းခါးသီးကို ငါးရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး အပင်သက်တမ်း ငါးလခန့်အထိ ခူးဆွတ်နိုင်ကြောင်း၊ တစ်ပတ်နှင့် တစ်ပတ်အထွက်နှုန်းများ ပိုမိုထွက်ရှိလာပြီး တစ်ကေလျှင် စုစုပေါင်းပိဿာချိန် ၁၅၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှ တစ်ဆင့် ကျောက်ဆည်၊ မန္တလေးနှင့် ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ ကြက်ဟင်းခါးသီး စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များ ရရှိကာ အဆင်ပြေလျက်ရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

## မကွေးမြို့နယ်၌ မိုးမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မကွေး ဇွန် ၁၆

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ ကျီးပင်ကန်ကျေးရွာအုပ်စု ပုထိုးစမ်းကျေးရွာသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ မိုးမြေပဲများကိုလည်း စိုက်ပျိုးထားရှိကြောင်း၊ မိုးမြေပဲကို ဧပြီလနောက်ဆုံးပတ်မှစတင်၍ စိုက်ပျိုးလျက်ရှိရာ စိုက်ကေ ၁၅၀၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။



မိုးမြေပဲကို ဧပြီလနှင့် မေလတို့တွင် စိုက်ပျိုးပြီး နှစ်လခန့်အကြာတွင် နုတ်ယူခူးဆွတ်ရကြောင်း၊ ပင်ထောင်မျိုးနှင့် ပင်ပြန့်မျိုးဟူ၍ ရှိပြီး ပင်ပြန့်မျိုးကိုသာ အများဆုံး စိုက်ပျိုးကြကြောင်း၊ မိုးမြေပဲကို ကြဲပက်စနစ်ဖြင့် စိုက်ပျိုးပြီး တစ်ကေလျှင် မျိုးစေ့ နှစ်တင်းခန့် ကုန်ကျကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် ငွေကျပ် ခြောက်သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က မြေပဲတောင့် တင်း ၈၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများက မကွေးမြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချကြောင်း၊ မိုးမြေပဲ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များ ရရှိသောကြောင့် ယခုနှစ်တွင် မိုးမြေပဲစိုက်ကေများ ပိုမိုတိုးချဲ့စိုက်ပျိုးလျက်ရှိရာ ယခုအချိန်တွင် မိုးမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

## စဉ့်ကိုင်မြို့နယ်၌ ဝါသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မန္တလေး ဇွန် ၁၆

မန္တလေး တိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ကြက်သွန်နှင့် ငရုတ်စသည့် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဝါသီးနှံများကို ကေ ၁၅၀၀ ခန့် စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။



ဝါသီးနှံများကို မတ်လတွင် စတင်စိုက်ပျိုးပြီး သုံးလကျော်ခန့် အကြာတွင် စတင်ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ငွေချည်-၆ နှင့် ရွှေတောင် - ၈ မျိုးများကို ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် အတန်းလိုက်စိုက်ပျိုးရပြီး တစ်ကေလျှင် မျိုးစေ့ထုပ် နှစ်ထုပ်၊ သုံးထုပ်ခန့် ကုန်ကျကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ် ငါးသိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ကေလျှင် ဝါပိဿာချိန် ၃၅၀ - ၄၀၀ ခန့် ထွက်ရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် ဝါစက်များ၊ ချည်မျှင် ရက်ကန်းရုံများနှင့် မန္တလေး စက်မှုဇုန်-၁ သို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုအချိန်တွင် ဝါသီးနှံ စိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ အထွက်နှုန်းနှင့် ဈေးနှုန်းများ ကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိမည်ဖြစ်ကြောင်း ဝါသီးနှံစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

## ကီလိုမာလကာသီး စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ



မန္တလေး ဇွန် ၁၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံကို ရာသီမရွေးစိုက်ပျိုးလျက်ရှိရာ ဈေးကွက်ဝယ်လိုအားကောင်းသည့် ဥယျာဉ်ခြံမြေသီးနှံတစ်မျိုးဖြစ်သော မာလကာသီးများကိုလည်း မိသားစု အပိုဝင်ငွေရရှိရန်အတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

အစိုဓာတ်ကောင်းမွန်သည့် မိုးဦးကျကာလများတွင် ယာမြေများ၌ မာလကာကိုင်းကူးမျိုးများကို စိုက်ပျိုးကြကြောင်း၊ ကီလိုမာလကာမျိုးများကို ပင်ခြားတန်းခြား ၁၅-၁၆ ပေအကွာဖြင့် တစ်ကေလျှင် ကီလိုမာလကာပင် ၃၅၀ ခန့် ဝင်ဆံ့စိုက်ပျိုးနိုင်ကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ် ၅၅ သိန်းခန့် ကုန်ကျကြောင်း၊ မြေအနေအထားနှင့် အပင်ဖြစ်ထွန်းအောင်မြင်မှု အပေါ်မူတည်၍ တစ်နှစ်လျှင် ကီလိုမာလကာ တစ်ပင်လျှင် ပျမ်းမျှ အလုံးရေ ၁၅၀ - ၂၀၀ ခန့် ထွက်ရှိရာ တစ်ကေပျမ်းမျှအလုံးရေ ၅၂၅၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ ဈေးများနှင့် ရွှေသိမ်တော်ဘုရားရှိ သစ်သီးဆိုင်များသို့ တင်ပို့ရောင်းချကြကာ အကျိုးအမြတ်များ ရရှိလျက်ရှိကြောင်း သိရသည်။

### ၁၆-၆-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညို့မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၈၂၀၀ | ၂၅၀၀၀ | ၁၀၆၄၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၅၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၂၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၅၀၀ | ၂၂၀၀၀ | - | ၁၇၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၂၈၀၀ | ၁၂၅၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၃၂၀၀၀ | | ၁၈၀၀၀ |
| ၃ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၆၈၀၀ | ၁၉၀၀၀ | ၇၀၂၅ | ၁၇၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | ၃၁၀၀၀ | ၃၆၀၀၀ | ၂၁၀၀၀ |
| ၄ | လှိုင်ကော် | ၄၀၀၀ | | ၈၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၆၅၀၀ | ၁၈၀၀ | ၇၅၀၀ | | | ၄၅၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၈၀၀ | ၁၈၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | | ၂၄၀၀၀ |
| ၅ | ဘားအံ | ၃၂၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၀၀၀ | | ၅၂၀၀ | ၁၈၀၀၀ | ၆၈၇၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၂၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၄၀၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၇၀၀ | ၁၅၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၁၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၇၆၁၅ | ၁၄၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | | ၇၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၁၁၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၅၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ | ၄၅၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၀၅၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၅၄၀၀ | ၂၁၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၀၀၀ | | ၄၇၅၀ | ၂၁၀၀၀ | ၆၉၀၀ | ၈၅၀၀ | ၁၈၀၀ | ၉၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၄၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၅၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၃၀၀ | ၁၈၀၀၀ | ၇၁၀၀ | ၁၁၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၂၂၀၀ | ၁၀၃၀၀ | ၇၇၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၄၀၀၀ | ၂၉၀၀၀ | ၂၉၀၀၀ | ၁၃၀၀၀ |
| ၁၃ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၈၅၀၀ | ၇၂၀၀ | ၁၂၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၉၀၀၀ | ၆၆၀၀ | ၁၅၀၀၀ | ၄၈၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၆၀၀၀ | ၃၄၀၀၀ | ၃၄၀၀၀ | ၁၈၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၇၈၀၀ | ၇၃၀၀ | ၁၀၀၀၀ | ၁၃၀၀ | ၁၀၀၀၀ | | ၁၆၀၀၀ | ၄၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၃၆၀၀၀ | ၃၅၀၀၀ | ၃၃၀၀၀ | ၁၃၀၀၀ |
| ၁၅ | မကွေး | ၃၄၀၀ | | ၆၂၀၀ | ၁၇၀၀၀ | ၆၉၉၀ | ၁၁၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၁၅၀၀ | ၈၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၁၀၀၀ | ၁၄၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၆၉၅၅ | ၁၁၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | | ၅၀၀၀ | ၁၅၀၀ | | ၆၈၀၀ | ၉၀၀၀ | ၃၇၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၆၉၅၅ | ၁၀၀၀၀ | ၁၈၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၅၀၀ | ၉၀၀၀ | ၆၈၀၀ | ၉၀၀၀ | ၃၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၃၀၀ | | ၆၃၀၀ | ၁၉၀၀၀ | ၆၈၁၀ | ၁၅၈၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၁၆၀၀ | ၁၁၃၀၀ | ၄၅၀၀ | ၁၆၀၀ | ၁၀၀၀၀ | ၆၂၀၀ | ၇၇၀၀ | ၄၈၀၀ | ၅၅၀၀ | ၁၈၄၀၀ | ၃၆၀၀၀ | ၃၀၀၀၀ | ၃၈၀၀၀ | ၁၅၆၀၀ |
| ၁၉ | နေပြည်တော် | ၃၃၀၀ | | ၆၃၀၀ | ၁၉၂၀၀ | ၆၈၁၀ | ၁၆၀၀၀ | ၂၀၀၀ | ၁၀၄၀၀ | ၁၁၈၀၀ | ၁၁၇၀၀ | ၄၇၀၀ | ၁၆၀၀ | ၁၀၆၀၀ | ၆၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၈၄၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၅၀၀ | ၁၅၈၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၂၀၀၀၀ | ၁၀၅၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | ၃၀၀၀၀ | ၄၈၀၀၀ | ၁၇၀၀၀ |

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦ ဦးစီးဌာန
## အဆောက်အဦအထူးအဖွဲ့ (၁) ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## အမှတ်စဉ် (၂/၂၀၂၅)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၁) ရန်ကုန်မှဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော (မြို့ပြ/ရေသန့်/လျှပ်စစ်) လုပ်ငန်းသုံးပစ္စည်းများနှင့် ခေတ်လေှကား(၅)စင်းအပါအဝင် တင်ဒါခေါ်ယူသွားမည်ဖြစ်ပါသဖြင့် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၁။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် -(၄-၇-၂၀၂၅) (ညနေ ၄:၀၀)နာရီ

၂။ တင်ဒါဖွင့်မည့်ရက်နှင့်အချိန် -(၈-၇-၂၀၂၅)(နံနက် ၁၀:၃၀)နာရီ

၃။ တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ - အဆောက်အဦအထူးအဖွဲ့(၁)ရုံး၊ သံသုမာလမ်းနှင့်သရဖီလမ်းထောင့် မင်းဒင်မှတ်တိုင်၊ သုဝဏ္ဏ

၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အဆောက်အဦအထူးအဖွဲ့(၁) ရန်ကုန်တွင် ရုံးချိန်အတွင်း ဖုန်း (၀၉-၄၂၀၀၃၆၆၂၂/၀၉-၄၃၀၉၈၉၆၇)သို့ စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

**မှတ်ချက် ။ ။ ပြောင်းလဲမှုရှိလျှင် အကြောင်းကြားပါမည်။**

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၂၄)၊ ရဲစုအရှေ့ကွင်း၊ ဦးပိုင်အမှတ်(၂၁/၃)၊ ဧရိယာ(၄.၄၇)ဧကရှိ မြေကွက်ကြီးသည် ဦးမြင့်ဇော်[၁၂/ပဘတ(နိုင်)၀၂၃၉၇၉]အမည်ဖြင့် မှတ်သားတည်ရှိနေသော်လည်း ယင်းမြေကွက်ကြီးအနက်မှ မခွဲမစိတ်ရသေးသော မြေအကွက်အမှတ်(A-10)၊ မြအိမ်ရာစီမံကိန်းဝင်း၊ ဘွက်ကြီးကျေးရွာအုပ်စု၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဥယျာဉ်ခြံမြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် ဦးမြင့်ဇော်ထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင် အကျိုးခံစားလျက် ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ခင်မြတ်လတ်[၁၂/ဗဟန(နိုင်)၀၅၅၅၂၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာဆွေ LL.B ,LL.M**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၇၈၉၈)**
**အမှတ်- ၉/၁၁၊ ပထမထပ်၊ အခန်းအမှတ် (၁၀၃ A+B )၊ ၃၆-လမ်း၊**
**ကျောက်တံတားမြို့နယ်။ ဖုန်း - ၀၉-၅၀၃၈၉၇၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဖလမ်းကွက်သစ်၊ ဒေါ်ကြည်/ဒေါ်သန်းသန်းဆွေအမည်ပေါက် အိုးအိမ်ပါမစ်မြေအမျိုးအစား၊ ပေ(၄၀ x ၆၀)ရှိ မြေကွက်အမှတ်(၄၃၇)၏ အကျိုးခံစားခွင့်အားလုံးကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟုဝန်ခံသူ ဒေါ်သက်ပိုထက်နိုင်[၁၂/ကတန(နိုင်)၁၃၄၂၆၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးသန်းထက်အောင်[၁၂/ဒဂဆ(နိုင်)၀၀၅၈၇၇] နှင့် ဒေါ်ဇင်မာဖြိုး[၁၂/သကတ(နိုင်)၁၇၉၈၃၈] တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ အရောင်းအဝယ်စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဤမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်ကြောင်းအထောက်အထားမူရင်းများ၊ တိကျခိုင်လုံသော သက်သေအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းမြေကွက်အားလက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းထက်အောင်နှင့် ဒေါ်ဇင်မာဖြိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွေးနွေးအိ LL.B**
**အထက်တန်းရှေ့နေ(စဉ်-၄၇၅၂၅)**
**အမှတ်(ထ/၁၀၅)၊ ဘုရင့်နောင်လမ်းမ၊**
**အောင်ချမ်းသာ(၃)ရပ်ကွက်၊ သန်လျင်မြို့နယ်။**
**ဖုန်း-၀၉-၂၆၀၄၀၂၀၀၃**

## အများသိစေရန်ကြေညာခြင်း

ဦးဇော်မင်းထွန်း (၁၂/ပဘတ (နိုင်) ၀၃၁၆၉၄) နှင့် ဒေါ်ဇင်မာထွေး (၁၂/ဗတထ (နိုင်) ၀၃၆၆၇၆) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည် -

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးဇော်မင်းထွန်းနှင့် ဒေါ်ဇင်မာထွေးတို့သည် (၂၀၀၆) ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာမှ တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် အစ္စလာမ်ဓလေ့ထုံးတမ်းအရ အိုလမာ-အစ္စလာမ် သာသနာရှင်များအဖွဲ့ချုပ်တွင် ဖသ်ဝါမှုသတ်မေးမြန်းခဲ့ရာ (၂-၄-၂၀၁၈) ရက်စွဲပါ ဓမ္မသတ်ပြန်ကြားစာအရအကြင်လင် မယားအဖြစ်မှ ကွာရှင်းခဲ့ပြီးဖြစ်သည့်အပြင်၊ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်တွင်လည်း လက်မှတ်ရေးထိုးကွာရှင်းခဲ့ပြီးဖြစ်ပါသဖြင့် ဦးဇော်မင်းထွန်း နှင့် ဒေါ်ဇင်မာထွေးတို့နှစ်ဦးသည် အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် ၎င်းတို့နှစ်ဦးအကြားတွင် တစ်စုံတစ်ရာပတ်သက်စပ်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဦးအောင်ဖြိုးဝေ** (စဉ်-၁၇၄၆၁) LL.B **ဒေါ်အိအိခင်** (စဉ်-၉၇၉၅) LL.B, LL.M, D.M.L

**တရားလွှတ်တော်ရှေ့နေများ**

အမှတ်-၂၃၈၊ အနော်ရထာလမ်း၊ ၈-ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉ ၅၅၀၀၃၄၁၀၆၊ ၀၉ ၇၉၅၃၇၅၉၃၆

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ဘုရားကုန်းလမ်း၊ အမှတ် (၀တ/၅၄၃) ရှိ မြေကွက်အမှတ် (၂၁၅)၊ ဦးပိုင်အမှတ် (၁၄-င/$\frac{၁၄}{၇၄}$)၊ ဧရိယာ (၀.၀၃၀) ကျယ်ဝန်းသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အား မိမိတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ကြောင်း ဝန်ခံသူ ဦးတင်ထွန်း [၁၃/တကန(နိုင်)၀၆၂၁၀၉] မှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ပွင့်ဖြူလှိုင် [၁၃/တကန(နိုင်)၁၃၇၀၁၂] မှ ဝယ်ယူရန် သဘောတူညီ၍ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မင်းသီရိမျိုး**
**အထက်တန်းရှေ့နေ (စဉ် - ၅၅၁၆၃)**
**အမှတ်(၃)၊ အောင်ချမ်းသာလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၅၅၃၆၇၄၉၁၊ ၀၉-၄၃၁၃၂၆၂၈**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ထနောင်းကန်ကျေးရွာ၊ ကန်သာအုပ်စု၊ မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးနေ ဦးထွန်းအောင်ကျော် [၉/မဟမ(နိုင်)၀၄၀၄၅၇] ကိုင်ဆောင်သူက အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိတ္ထီလာမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ်သုံးစွဲရန် တရားဝင်မှတ်ပုံတင်ပြီး ဖြစ်ပါသည်-




အထက်ဖော်ပြပါ ရေသန့်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ သောက်ရေသန့်ကို ဘူးကြီး၊ ဘူးသေး၊ ဘူးလတ် စသည့် အရွယ်အစားအမျိုးအစားဖြင့် မိတ္ထီလာမြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ချိ ရောင်းချသွားမည်ဖြစ်ပါသည်။ ထို့အပြင် ၎င်းအမှတ်တံဆိပ်အမှတ်အသားကို ထည့်သွင်းထုပ်ပိုးမည့် ပစ္စည်းများဖြစ်သည့် ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူးများ ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းစသည့် အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုးပြုလုပ်သည့် အသားတံဆိပ်ပြုလုပ်၍ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားမဖြစ်စေရန်နှင့် တုပသုံးစွဲခြင်း မပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။ အဆိုပါတားမြစ်ချက်များကို လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။ ၎င်းအမှတ်တံဆိပ် အမှတ်အသားနှင့်ပတ်သက်၍ (အမည်တူ) ကန့်ကွက်လိုပါက သတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးထွန်းအောင်ကျော်**
**[၉/မဟမ(နိုင်)၀၄၀၄၅၇]**
**Ph:09-778449 940**

တရားမပုံစံအမှတ် ၃၃

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ -၂၀)
## မင်္ဂလာဒုံမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၃

| | | |
|---|---|---|
| ဦးသန်းနိုင်ထွန်း **(တရားလို)** | နှင့် | ဒုတိယဗိုလ်မှူးကြီးအုန်းမြင့် **(တရားပြိုင်)** |

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ(၃)ရပ်ကွက်၊ အမှတ်(၃)လမ်းမကြီး၊ အမှတ်(၂၉၀)ရပ်နေ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့် (ယခုနေရပ်လိပ်စာမသိသူ)** သိစေရမည်။

သင့်အပေါ်၌ တရားလိုက **“သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ-၁၂ အရ ကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးစေလိုမှု”** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ **၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၇ ရက် (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်းလ ၃ ရက်) နေ့မွန်းမတည့်မီ (၁၀) နာရီ** အချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် **လိုအပ်သည့်စာရွက်စာတမ်းများ**နှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

**၂၀၂၅ ခုနှစ်၊ ဇွန်လ (၁၃) ရက်နေ့** ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝေဇင်ဦး)**
**မြို့နယ်တရားသူကြီး**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

### ဝင်ငွေခွန်ကြေညာလွှာ/ လစာနှစ်ချုပ်စာရင်း/ နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ တင်သွင်းရန် နှိုးဆော်ခြင်း

၁။ **ဝင်ငွေနှစ်၊ ရောင်းရငွေ/ ရငွေရရှိသောနှစ်။** ကြေညာလွှာပြုစုတင်သွင်းရမည့် ဝင်ငွေနှစ်၊ ရောင်းရငွေ၊ ရငွေရရှိသောနှစ် (စာရင်းပြုစုရမည့်ကာလ) သတ်မှတ်ချက်မှာ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ပါသည်။

၂။ **ကြေညာလွှာလက်ခံမည့်ရုံးများ။** လက်ရှိအခွန်ထမ်းဖြစ်ပါက ဆိုင်ရာအခွန်စည်းကြပ်မှုခံယူနေသောရုံးတွင် တင်သွင်းရန်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသည့် ကုမ္ပဏီအသစ်ဖြစ်ပါက ပထမဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website Home Page ရှိ အခွန်ထမ်းမှတ်ပုံတင်ရန် (e-Registration Button)မှ ဝင်ရောက်၍ အီလက်ထရောနစ်နည်းဖြင့် အခွန်ထမ်းမှတ်ပုံတင်ရမည်ဖြစ်ပါသည်။ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) လျှောက်ထားရရှိပြီးပါက အီလက်ထရောနစ်အခွန်ကြေညာလွှာတင်သွင်းမှုစနစ်နှင့် အီလက်ထရောနစ်အခွန်ပေးဆောင်မှုစနစ်များကိုပါ ဆက်စပ်အသုံးပြုနိုင်မည်ဖြစ်ပါသည်။ အခွန်ထမ်းသစ်တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် တင်သွင်းရမည်ဖြစ်ပါသည်။

၃။ **တင်သွင်းနိုင်သည့်နည်းလမ်း။** အောက်ပါနည်းလမ်း(၃)မျိုးဖြင့် တင်သွင်းနိုင်ပါသည် -

(က) **လူကိုယ်တိုင်ပေးပို့တင်သွင်းခြင်း။** လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက လက်ခံဖြတ်ပိုင်းတွင် ဦးစီးဌာနက တံဆိပ်ရိုက်နှိပ်ဖော်ပြသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

(ခ) **စာတိုက်မှ ပေးပို့တင်သွင်းခြင်း။** စာတိုက်မှပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့် စာတိုက်တံဆိပ်ပါရက်စွဲတွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

(ဂ) **အီလက်ထရောနစ်နည်းဖြင့်ပေးပို့တင်သွင်းခြင်း။** အီလက်ထရောနစ်နည်းဖြင့် ပေးပို့ခြင်းဖြစ်ပါက ဦးစီးဌာနက အီလက်ထရောနစ်နည်းဖြင့် လက်ခံရရှိသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ ယင်းနေ့သည် အများပြည်သူရုံးပိတ်ရက်တွင်ကျရောက်လျှင် ယင်းနေ့နှင့်နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် လက်ခံရရှိသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် တင်သွင်းခြင်းဆိုသည်မှာ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (e-Filing Management System) ကို အသုံးပြု၍ ကြေညာလွှာတင်သွင်းခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် အသုံးပြုနိုင်ရန်အတွက် Account Registration ပြုလုပ်ပုံနှင့် စနစ်အသုံးပြု၍ ကြေညာလွှာတင်သွင်းပုံအဆင့်ဆင့် ဗွီဒီယိုဖိုင် (User Guide Video Files) များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် **www.ird.gov.mm** တွင် လေ့လာနိုင်ပါသည်။

(မှတ်ချက်။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးများနှင့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ်နည်းဖြင့်သာ ကြေညာလွှာတင်သွင်းကြရန်ဖြစ်ပါသည်။)

၄။ **ကြေညာလွှာဖြည့်စွက်ခြင်း။** အောက်ပါအတိုင်းလိုက်နာရန် လိုအပ်ပါသည် -

(က) ပြည်တွင်းအခွန်များဦးစီးဌာနမှသတ်မှတ်ထားသည့် သက်ဆိုင်ရာပုံစံများကို အသုံးပြုရမည်ဖြစ်ပါသည်။ (သတ်မှတ်ကြေညာလွှာပုံစံများကို **www.ird.gov.mm** တွင်လည်းကောင်း၊ သက်ဆိုင်ရာအခွန်ရုံးများထံတွင်လည်းကောင်း ရယူနိုင်ပါသည်။)

(ခ) အခွန်ထမ်းသည် အခွန်ကြေညာလွှာများ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုကို တာဝန်ခံရမည်ဖြစ်ပါသဖြင့် သတ်မှတ်ကြေညာလွှာပုံစံများကို ပြည့်စုံစွာဖြည့်စွက်ရန် လိုအပ်ပါသည်။

(ဂ) ကြေညာလွှာပုံစံတွင် အခွန်ထမ်းကိုယ်တိုင် လက်မှတ်ရေးထိုးတင်သွင်းရမည်ဖြစ်ပါသည်။ အခွန်ကြေညာလွှာ သို့မဟုတ် အခွန်ကြေညာလွှာ၏ တစ်စိတ်တစ်ပိုင်းကို အခကြေးငွေရယူ၍ ပြင်ဆင်ပေးခြင်းဖြစ်ပါက ပြင်ဆင်ပေးသည့်ပုဂ္ဂိုလ်ကလည်း ကြေညာလွှာတွင် ပူးတွဲလက်မှတ်ရေးထိုးရန် လိုအပ်ပါသည်။

(ဃ) အခွန်ထမ်းကုမ္ပဏီအသစ်များအနေဖြင့် အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ်အား အသုံးပြု၍ အခွန်ကြေညာလွှာတင်သွင်းရာ၌ အခွန်ထမ်း၏လက်မှတ်မှတ်တမ်း(မူရင်း)ကို သက်ဆိုင်ရာအခွန်ရုံးထံ သင့်ရာနည်းဖြင့် မပျက်မကွက် ကြိုတင်ပေးပို့ရန် လိုအပ်ပါသည်။

၅။ **တင်သွင်းရမည့်နောက်ဆုံးရက်။** ၂၀၂၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ (တနင်္လာနေ့) ဖြစ်ပါသည်။

၆။ **ဒဏ်ကြေးငွေ။** အခွန်ကြေညာလွှာများကို အချိန်မီတင်သွင်းရန်ပျက်ကွက်ပါက အောက်ပါဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည်ဖြစ်ပါသည် -

(က) ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၅ ရာခိုင်နှုန်းအပြင် တင်သွင်းရန်သတ်မှတ်ထားသည့်နေ့မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့် အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၁ ရာခိုင်နှုန်း၊

(ခ) ငွေကျပ်တစ်သိန်း။

၇။ **အခွန်ထမ်း၏ အခွင့်အရေး။** အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလအတွင်း ကြေညာလွှာကို အချိန်မီတင်သွင်းရန် အခက်အခဲရှိပါက အခွန်ကြေညာလွှာတင်သွင်းရမည့်သတ်မှတ်ရက်ကို တိုးမြှင့်ပေးရန် သက်ဆိုင်ရာအခွန်ရုံးသို့ ကြိုတင်လျှောက်ထားနိုင်ပါသည်။

၈။ **စုံစမ်းရန်။** မရှင်းလင်းသည့်အချက်များကို သက်ဆိုင်ရာအခွန်ရုံးများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပြီး အခြားလိုအပ်ချက်များရှိပါက အောက်ဖော်ပြပါဝန်ဆောင်မှုရုံးများကိုလည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည် -

(က) အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး
အမှတ်၊ ၁၂၈/၁၃၂၊ ဒုတိယထပ်နှင့် တတိယထပ်၊
ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်းနံပါတ်-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂

(ခ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)
ရုံးအမှတ် (၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်။
ဖုန်းနံပါတ်-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄

(ဂ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)
၆၅ လမ်း ၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေး။
ဖုန်းနံပါတ်-၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၇၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉

**ပြည်တွင်းအခွန်များဦးစီးဌာန**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊မြေနီကုန်း(မြောက်) ရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ တိုက်အမှတ်(၁၃)၊ (၈) ထပ်တိုက်၏ (၅)ထပ်၊(၆)လွှာ၊ အခန်းအမှတ်(၆)A (တိုက်ကိုမျက်နှာမူလျှင် လက်ဝဲဘက်အခန်း) အကျယ်အဝန်း (၁၈x၇၀) ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့် အားလုံးကို ဝယ်ယူရန် အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူဦးဌေးမြင့် [၁၂/စခန(နိုင်)၀၄၄၉၇၇] မှ အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိ ကြောင်းဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် အပြီးအပိုင် ဝယ်ယူရန် ကျွန်မ ဒေါ်ဣန္ဒြေဘုန်းနိုင် [၅/စကန(နိုင်) ၁၅၅၈၆၀] မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း (မူရင်း)များနှင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင် နည်းလမ်းတကျ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်ဣန္ဒြေဘုန်းနိုင်[၅/စကန(နိုင်)၁၅၅၈၆၀]**
**ဖုန်း-၀၉-၅၀၄၅၉၃၂၊ ၀၉-၉၅၅၁၈၇၅၇၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ ခေမာသီ (၁)လမ်း၊ အမှတ်- ၁၆(က)ဟုခေါ်တွင်သော ဦးမဏ္ဍာရာလူး အမည်ပေါက် ပေ(၂၀ x ၆၀) မြေကွက်အား (၁-၁၀-၂၀၂၃)ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဒေါ်ဂျွန်မေရီထံမှ ကျွန်ုပ်အမှုသည်ဖြစ်သူ ဦးမျိုးဟန် [၁၄/ကလန (နိုင်)၁၃၁၁၃၇]က ဝယ်ယူလက်ရောက် ရရှိထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးဟန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်မြင့် (LL.B)** | **ဒေါ်ဖြူဇာမြင့်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၆၂၄၃)** | **(စဉ်-၅၃၇၇၃)** |

**အမှတ် (၉)၊ မဥ္ဇူလမ်း၊ ဒါရ်ဂါရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၇၉၂၈၄၈၀၇၃**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇)၊ မြေကွက်အမှတ်(၆၆၉)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၃) ရပ်ကွက်၊ မန္တလေးလမ်းသွယ်၊ အမှတ်(၆၆၉)ဟုခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရှိ မြို့မြေစာရင်းတွင် ဦးမျိုးသီဟန် [၁၂/လမတ(နိုင်)၀၀၇၅၅၆] အမည်ပေါက်မှတ်သား တည်ရှိသော ပါမစ်မြေကွက်ဖြစ်ပါသည်။ အမည်ပေါက်ဖြစ်သူ ဦးမျိုးသီဟန်သည် အဆိုပါမြေကွက်နှင့် ပါမစ်မူရင်းအား ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်လှူဒါန်းထားခြင်း၊ အာမခံပစ္စည်းအဖြစ် တင်သွင်းထားခြင်း လုံးဝ(လုံးဝ) မရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မင်းနိုင်(LLB,C.B.L,WIPO DL-101(GENEVA)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၂၇)**
**အမှတ် (၁၉၉)၊ မြေညီထပ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၅၁၀၀၃၂၂**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ ရှုခင်းသာလမ်း၊ မြေကွက်အမှတ် (၄/က)၊ လူနေရပ်ကွက်အမှတ် (၈)၊ အကျယ်အဝန်း (အလျား ၂၀ပေ x အနံ၆၀ပေ)ရှိ ဒေါ်သန်းသန်းမြင့် [၆/ဂတန(နိုင်)၀၅၇၆၄၆] အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အားလုံးတို့ကို မြေအမည်ပေါက်သူ ဒေါ်သန်းသန်းမြင့် [၆/ဂတန(နိုင်)၀၅၇၆၄၆]မှ ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထင်လင်းကျော် [၁၂/ကတတ(နိုင်)၀၂၉၁၇၆] မှ ဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်မာသည့် စာချုပ်စာတမ်းမူရင်းများနှင့် အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ခင်ဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၁၅) (၁၄-၂-၂၀၁၇)**
**အမှတ်(၁၄၀၅)၊ မြင်တော်သာလမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၁၁၈၁၈၂၂**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ထူပါရုံ)၊ ထူပါရုံ(၆)လမ်းအနောက်၊ မြေကွက်အမှတ်(၁၀၂၃)၊ လူနေရပ်ကွက်အမှတ် (၁/ထူပါရုံ)၊ အကျယ်အဝန်း (အလျား ၄၀ပေ x အနံ၆၀ပေ)အနက်မှ အကျယ်အဝန်း (အလျား ၁၃ပေ ၄လက်မxအနံ၆၀ပေ)ရှိ ဒေါ်ခင်ပြုံး [၁၂/ပဘတ(နိုင်)၀၀၉၄၇၆]၊ ဒေါ်ခင်လှိုင် [၁၂/သကတ (နိုင်)၀၄၆၅၄၆]တို့အမည်ထွက်ရှိသည့် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ဒေါ်နွယ်နီဝေ [၁၂/သကတ(နိုင်)၀၆၀၁၇၅]မှ ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက်ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်စိန်ထွေးတင်[၁၂/သကတ(နိုင်)၀၉၅၈၈၀]မှ ဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍(၇)ရက် အတွင်း ခိုင်မာသည့် စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ခင်ဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၁၅) (၁၄-၂-၂၀၁၇)**
**အမှတ်(၁၄၀၅) မြင်တော်သာလမ်း၊ ၁/ထူပါရုံရပ်တွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၁၁၈၁၈၂၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘိုးဒေါနကုန်းကျေးရွာ၊ ကွင်းအမှတ်(၅၁၄A )၊ ကွင်းအမည်(ကျောင်းကြီးတော)၊ ဦးပိုင်အမှတ်(N ၅)၊ မြေအမျိုးအစား(ဥယျာဉ်ခြံမြေ)(G)၊ အကျယ်အဝန်း(၈.၅၀)ဧကရှိမြေကွက်သည် ကွယ်လွန်သူခင်ပွန်း ဦးစူးအမည်ဖြင့်ရှိသော မြေကွက်ဖြစ်ပြီး အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဇနီးဒေါ်ရင်ရွှေ[၁၂/မဘန(နိုင်)၀၃၃၅၀၉]ဆိုသူထံမှ ဝယ်ယူရန်ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေ အချို့အဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါရှိသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်သန္တာဝင်း** | **ဦးစိုးအောင်** |
| **အထက်တန်းရှေ့နေ(စဉ်-၅၂၂၉၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၁၄)** |

**အမှတ်(၁၆၀)၊ ငုဝါလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၁-၂၂၃၇၉၆၊ ၀၉-၂၅၄၀၆၁၄၆၉၊ ၀၉-၇၉၁၉၄၇၁၂၉၊ ၀၉-၄၄၃၀၀၂၆၀၇**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇) ရပ်ကွက်၊ ရာဇသူရလမ်း၊ အမှတ်(၁၀၉၉)နေ ဒေါ်ခေါန်ဆော(ဘ)ဦးငမ်းဟောင်း [၁၃/လရန(နိုင်)၀၈၀၀၀၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (ယခင် မြောက်ပိုင်း)၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆၄/က၊ ဧရိယာ(၀.၀၂၉)ဧက ကျယ်ဝန်းသော မြေကွက်သည် ဦးအောင်ဌေး (ဘ) ဦးစိန်မောင်(YDN-၀၇၃၁၉၇) အမည်ဖြင့် ချထားသော နှစ် (၆၀) ဂရန်မြေအမျိုးအစား မြေကွက်ဖြစ်ပြီး အဆိုပါ မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ် အရပ်ကတိ စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချစီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင့်ဟေမာန် (ဘ) ဦးနိုင်ထွန်း [၁၃/ဆဆန(နိုင်)၀၄၈၁၂၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီ၍ စရန်ငွေပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာဟန် (LL.M) (စဉ်-၁၂၁၇၂)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၁၉၂)၊ ရော (၂၂)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၉၄၀၈၉၁၀၉၇၊ ၀၉-၄၂၅၂၇၂၁၆၁**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ လူနေရပ်ကွက်အမှတ်(၁၉)၊ ခရေပင်လမ်း၊ မြေကွက်အမှတ်(၇၇၄/ခ)၊ မြေအကျယ် (၂၀½ x ၆၀)ပေ အကျယ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဦးဝင်းညွန့် အမည်ဖြင့် နှစ်(၆၀)မြေငှားဂရန် ထွက်ရှိထားသော ခြံမြေကွက်နှင့် မြေပေါ်ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်အိအိဇင် [၁၂/ဗဟန(နိုင်)၀၀၂၅၈၄]၊ ဦးသောင်းထိုက် [၁၂/ဒဂတ(နိုင်)၀၀၀၃၃၀]၊ ဒေါ်ဥမ္မာလွင် [၁၂/ဗဟန(နိုင်)၀၀၂၁၇၉] ကိုင်ဆောင်သူတို့မှ အမွေဆက်ခံရရှိထားသူများဖြစ်ကြကာ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းပြောဆိုလာသဖြင့် ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

ဤအိမ်၊ ခြံ၊ မြေ အရောင်းအဝယ်ကိစ္စရပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အိမ်၊ခြံ၊မြေ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြတ်စုထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၀၃၀)**
**အမှတ်(၈၄)၊ ကာယသုခလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၅၁၈၇၂၈၀**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇/၃၄)၊ (၂၀)ရပ်ကွက်၊ ဆွေမြို့မ(၁)လမ်း၊ မြေကွက်အမှတ်(၁၇၂၈/ခ)၊ မြေအကျယ် (၂၀)ပေx (၆၀)ပေ အကျယ်ရှိမြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးစိန်ဝင်း အမည်ပေါက် မြေချပါမစ် ထွက်ရှိထားသော ခြံမြေကွက်နှင့် မြေပေါ်ဆောက်လုပ်ထားသော အဆောက်အဦ အပါအဝင် ရေ၊ မီး အစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးခင်မောင်အေး[၁၂/လသယ(နိုင်)၁၂၆၈၂၁] ကိုင်ဆောင်သူမှ ၎င်းတရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမွေဆိုင် အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေ မှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

ဤအိမ်၊ ခြံ၊ မြေ အရောင်းအဝယ်ကိစ္စရပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြတ်စုထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ် - ၁၄၀၃၀**
**အမှတ်(၈၄)၊ ကာယသုခလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၅၁၈၇၂၈၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ရေကူးတောင်ပိုင်းလမ်း၊ အမှတ်(၃၅)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ( ၄၄-ကံဘဲ့ )၊ မြေကွက်အမှတ် (၂၀က^၁)၊ ဧရိယာ(၀.၆၄၂)ဧကအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မျက်နှာစာ အလျား၄၅ပေx အနံ ၁၄၇/၁၃၇ ပေခန့် (မြေပြင်အရှိ) မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းတွင် (၁)ဒေါ်မြအုန်း(ISN-၁၈၇၉၄၃)၊ (၂)ဒေါ်တင်အေး၊ (ISN-၁၈၇၉၄၅) [၁၂/မရက(နိုင်)၀၆၇၄၂၄]၊ (၃) ဒေါ်ရင်ရင်မြ (ISN- ၁၈၇၉၄၇)၊ (၄)ဒေါက်တာဒေါ်ထွေးထွေးအောင်(ISN- ၅၅၀၁၀၂) [၁၂/မရက(နိုင်) ၀၇၆၁၂၉]တို့ ညီအစ်မ(၄)ဦးပူးတွဲ အမည်ပေါက် မှတ်သားထားပါသည်။ ပူးတွဲ အမည်ပေါက်သူများအနက်မှ ဒေါ်မြအုန်းသည် (၂၉-၁၂-၂၀၁၆) ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ရင်ရင်မြသည်(၂၅-၃-၂၀၁၇) ရက်နေ့တွင် လည်းကောင်း အပျိုကြီးဘဝဖြင့် အသီးသီး ကွယ်လွန်ခဲ့ပြီး ကျန်ရစ်သူ ညီအစ်မ(၂) ဦးဖြစ်သော ဒေါ်တင်အေးနှင့် ဒေါက်တာဒေါ်ထွေးထွေးအောင်တို့ (၂)ဦးမှ လက်ဝယ်ထား၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အထွေးကင်းရှင်းသော မြေကွက်ဖြစ်ကြောင်း ဖွင့်ဟဝန်ခံ ကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေး တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူ မည်သူမဆို မြေကွက်နှင့် သက်ဆိုင်သည့် ပိုင်းဆိုင်မှုစာချုပ်စာတမ်းမူရင်း၊ ရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်းလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**အမှတ် -၁၂၉၇ /အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၂)ရပ်ကွက်၊ မြေကွက်အမှတ် (၄၇/၁/ခ-၂)၊ မြေအကျယ်အဝန်း (၄၃၅၆) စတုရန်းပေ၊ (၀.၁၀၀)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်အမည်ပေါက် ဒေါ်သီတာလှိုင်ထံမှ အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ(SP) အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးစောလွင် မှတ်ပုံတင်အမှတ် [၁၂/ကမတ (နိုင်)၀၁၃၀၀၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးသိမ်း မှတ်ပုံတင်အမှတ် [၁၂/ဥကတ(နိုင်)၁၄၁၈၄၈]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအား ပေးချထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်ပြီး ကန့်ကွက်ရန်ရှိသူ မည်သူမဆိုယခုကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဆက်လက်၍ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **မန်းမိုက်ကပ်(လ်)တင်** | **ဒေါ်သန္တာအေး** |
| **LL.B, E/Mater (F.G), EL(G1)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၁၂/၈၄)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၂၂)** |

**အမှတ် (၃၇)၊ ရာဇာဓိရာဇ်လမ်း၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၂၅၄၄၅၀၉၁၆၊ ၀၉-၇၈၆၄၂၆၈၄၄**

ထွန်းတောက်ကြယ်
အိမ်ခြံမြေ အကျိုးဆောင်
